


# CBCM Herald

စီဘီစီအမ် သတင်း

(၁၅)ရက်၊ ဇွန်လ၊ ၂၀၁၆ ခုနှစ်။

အတွဲ(၁)၊ အမှတ်(၄)

cbcmosc@gmail.com

၀၉၅ ၁ ၅၂၅၀၀၈




ရဟန်းတော်များ၏ဂျူဘီလီကို ရန်ကုန်မြို့ စိန့်မေရီ ကာသီဒြယ်တွင်ကျင်းပ .... စာ (၄)







ခရီးသွားကလေးသူငယ်များနှင့် တွေ့ဆုံခြင်း .... စာ (၅)



တရုတ်နိုင်ငံ အသင်းတော်အတွက် ဆုတောင်းပေးပွဲ....စာ (၂)

## ဇွန်လအတွက် ရဟန်းမင်းကြီး၏ဆုတောင်းရန်ရည်ရွယ်ချက်

ရွှေ့ပြောင်းနေထိုင်သူများနှင့် အိုးအိမ်မဲ့ဒုက္ခသည်များကို သူတို့ရောက်ရှိသောနိုင်ငံတိုင်းက ရိုသေလေးစားခြင်းဖြင့် လက်ခံနိုင်ရန်။

လူငယ်များသည် ခရစ်တော်နှင့်ကိုယ်တိုင်ထိတွေ့ခြင်းအားဖြင့် ရဟန်းဘောင်(သို့)သူတော်စင်ဘောင်သို့ မိမိတို့၏ဘဝကို ပေးဆက်နိုင်ကြရန်။

ကမ္ဘာအရပ်ရပ်သို့သွားကြ၍ဧဝံဂေလိတရားတော်ကိုဟောပြောကြလော့။
(မာကု ၁၆း၁၅)








**CBCM Herald (သတင်း)**

**နာယက**
ဆရာတော်ပီတာလှိုင်ကျာခူ

**အယ်ဒီတာချုပ်နှင့်ထုတ်ဝေသူ**
ဖာသာရ် လီအို နိန်းခန့်မန်

**ထုတ်ဝေခွင့်အမှတ်**
၀၁၇၂၅

**အယ်ဒီတာအဖွဲ့ဝင်များ**
ဖာသာရ် ဂျိမ်းဘရန်ဂျာ
ဖာသာရ်စောလောရင်းစ်
ဖာသာရ်ဂီလျံစိုး
ဖာသာရ် ဩဂုတ်စတင်းရွှေ
ဖာသာရ် ဘရန်မိုင်

**ဖြန့်ချိရေးတာဝန်ခံများ**
အာနားလွန်း၊ ကိုလန်ဘန်
သာသနာ(၁၆)ခုနှင့် သူတော်စင်ဂိုဏ်းများမှ
လူထုဆက်သွယ်ရေးတာဝန်ခံများ

**ဒီဇိုင်းဖွဲ့စည်းပုံ**
စစ္စတာရ်ဒေါမိနစ်ဖန်၊ ရိုစ့်မေရီ

**ပုံနှိပ်တိုက်**
စိန်ဖေးဗီးယားပုံနှိပ်တိုက် (၀၀၂၆၂)
အမှတ်(၂၇)ဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

**CBCM Herald သတင်းစာရုံးခန်း**
မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများကျောင်း
လူထုဆက်သွယ်ရေးရုံးခန်း
၂၉၂(က)၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်
ဖုန်း ၀၁ ၅၂၅၈၀၈
cbcmosc@gmail.com

**အတိုင်ပင်ခံများ**
CBCM အထွေထွေအတွင်းရေးမှူး၊
ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကော်မရှင်၊
ကက်သလစ်ရှေ့နေများအဖွဲ့။

**ငွေလွှဲရန်**
ရိုးမဘဏ် နှင့် ကမ္ဘောဇဘဏ် မြေနီကုန်း၊ ရန်ကုန်။
နော်မြတ်နှင်းထွေး (၁၄/ဟသတ(နိုင်)၂၄၆၀၉၅
မဒမ်ဝိုက်လွန်း ၁၂/ဥကတ(နိုင်) ၁၅၇၃၃၂

## ကက်သလစ်ဆရာတော်ကြီးများဆိုင်ရာသတင်းလွှာထုတ်ဝေခြင်း၏ရည်ရွယ်ချက်များ

- ဇေ၀ံဂေလိသတင်းကောင်းကို ထပ်ဆင့်သယ်ပိုးဆောင်ရွက်နိုင်စေရန်၊
- ရဟန်းမင်းကြီးနှင့် အသင်းတော်တစ်ခုလုံးဆိုင်ရာနောက်ဆုံးရသတင်းများကိုအချိန်မှီပို့ဆောင်နိုင်ရန်၊
- မြန်မာနိုင်ငံရှိသာသနာအသီးသီး၊သူတော်စင်ဂိုဏ်းအသီးသီးနှင့်CBCMကော်မရှင်အသီးသီးတို့သည်နီးကပ်စွာဆက်သွယ်နိုင်စေရန်၊
- မြန်မာနိုင်ငံသားများအားလုံးကိုကောင်းသောသတင်းများအချိန်မှီ(တစ်လတွင်နှစ်ခါ)ထုတ်ဝေရန်၊နောက်ပိုင်းတွင်အထူးသဖြင့်online ဖြင့်ပေးပို့နိုင်ရန်၊
- အာရှသမ္မာတရားလေလှိုင်းအသံ၏ သတင်းထုတ်လွှင့်ခြင်းများကို အထောက်အကူဖြစ်စေရန်၊

## စာစောင်အတွက်ဖိတ်ခေါ်ခြင်း

- CBCM Herald သတင်းစာဖတ်သူများ၏ ဝယ်ယူအားပေးမှုသည် ဤစာစောင်ကို ပုံမှန်ဆက်လက် ထုတ်ဝေနိုင်၍ ပိုမိုကောင်းမွန်တိုးတက်လာစေရန် အဓိကအသက်ဖြစ်ပါသည်။
- တစ်စောင်ကို(၃၀၀)ကျပ်ဖြစ်၍ တစ်လကိုနှစ်စောင်လျှင် (၅၀၀)ကျပ်၊ တစ်နှစ်စာကို (၆၀၀၀)ကျပ်ဖြင့် မိမိတို့နှင့်အနီးစပ်ဆုံး ကက်သလစ်ဆရာတော်ကြီးကျောင်းတိုက်ရှိ လူထုဆက်သွယ်ရေးရုံးတို့တွင် အားပေးနိုင်ပါသည်။
- ရန်ကုန်မြို့တွင် အားပေးသောစာဖတ်သူများအတွက်လည်း မိမိတို့၏ parishတိုင်းတွင် ပုံမှန်ရရှိနိုင်သကဲ့သို့ CBCM-OSC ရုံး(ဖုန်း ၀၁ ၅၂၅၈၀၈)သို့ ဆက်သွယ်ကာ အားပေးမှာယူနိုင်ပါသည်။
- သာသနာအသီးသီးမှသော်လည်းကောင်း၊ သူတော်စင်ဂိုဏ်းအသီးသီးမှသော်လည်းကောင်း၊ သတင်းများကို cbcmosc@gmail.com သို့ပေးပို့နိုင်ပါသည်။
- စာစောင်တွင်ကြော်ငြာများကိုလည်း ထည့်နိုင်သလို အလှူဒါနများကိုလည်း ကြိုဆိုလက်ခံနေပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ အယ်ဒီတာချုပ်

# ဗာတီကန်အမှုဆောင်တရုတ်နိုင်ငံအသင်းတော်အတွက် ဆုတောင်းပွဲနေ့ကျင်းပ

ဂိုဏ်းချုပ်ဆရာတော် ဆာဗီးယိုဟွန်တိုင်းဖိုင်းသည် တရုတ်ကက်သလစ်ဘာသာတူများအား ဖြောင့်မတ်မှန်ကန်ခြင်းနှင့် ကရုဏာတရားလမ်း၌ သတ္တိရှိရှိ လျှောက်လှမ်းဖို့ရန် တိုက်တွန်းအားပေးခဲ့သည်။ ဗာတီကန်အကြီးအကဲသည် တရုတ်ပြည်ရှိ ကက်သလစ်အသင်းတော်အတွက် ဟောင်ကောင်၌ ကမ္ဘာ့ဆုတောင်းခြင်းနေ့ကျင်းပပွဲကို ပထမဆုံးအကြိမ်တက်ရောက်ခဲ့သည်ဟုသိရသည်။ ဟောင်ကောင်နိုင်ငံတွင်အနားယူပြီးဖြစ်သော ကာဒီနယ်ဂျိုးဇက်ဆမ်နီစီဇီ ယောင်သည် မေလ (၂၄)ရက်နေ့တွင် ကျရောက်သော အထူးဆုတောင်းခြင်းနေ့အတွက် ဟောင်ကောင်ရှိ စိန်ဂျူ့(ဒ်) ဘုရားကျောင်း၌ မိမိကိုယ်စား မစ္ဆားတရားတော်မြတ်ကို ဦးဆောင်ကျင်းပပေးရန် ဂိုဏ်းချုပ်ဆရာတော် ဆာဗီးယိုဟွန် တိုင်းဖိုင်းအားဖိတ်ခေါ်ခဲ့ကြောင်းနှင့် ဟောင်ကောင်နိုင်ငံဖွား ဂိုဏ်းချုပ်ဆရာတော်ကြီး ဆာဗီးယိုဟွန်သည် (၂၀၁၀)ခုနှစ်ကတည်းက လူတကာအား သတင်းကောင်းဟောပြောခြင်းလုပ်ငန်းအတွက် ဗာတီကန်အဖွဲ့အစည်း၏ လက်ထောက်အရာရှိအဖြစ် ခန့်အပ်ခြင်းခံခဲ့ရကြောင်း သိရသည်။

"ဟောင်ကောင်မှာကျင်းပခဲ့တဲ့ ဆုတောင်းပွဲနေ့ဟာ ဗာတီကန်အမှုတော်ဆောင်အကြီးအကဲတွေ တက်ရောက်တာ ဒါဟာပထမဆုံးအကြိမ်ဖြစ်တယ်" ဟု ဘုရားကျောင်းအမှုတော်ဆောင်များ ပြောကြားခဲ့ပါသည်။ တရုတ်ပြည်တွင် ကက်သလစ်အသင်းတော် ရင်ဆိုင်နေရသော လက်ရှိစိန်ခေါ်မှုများ၏ အခြေအနေကိုရည်ညွှန်း၍ ဂိုဏ်းချုပ်ဆရာတော်ကြီးသည် သူ၏တရားဒေသနာတွင် "ကက်သလစ်ဘာသာဝင်တွေဟာ မျှော်လင့်ခြင်းနဲ့ အသက်ရှင်နေကြတယ် ဒါဟာကံကောင်းခြင်းပဲဖြစ်တယ်" ဟု ထပ်မံပြောခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် တရုတ်ပြည်၌ ရဟန်းဖြစ်ချင်သောသူ အရေအတွက်ကျဆင်းလာခြင်း နှင့် Zhejiang နယ်တစ်ခွင်တွင်ရှိသော ဘုရားကျောင်း၊ ကားတိုင် (၁၇၀၀)ခုကို (တရုတ်)အာဏာပိုင်များဖျက်ဆီးခဲ့ကြောင်း၊ တရုတ်နိုင်ငံ၏ လက်ရှိအခြေအနေသည်အကောင်းဖက်ဝါဒဘက်သို့ကြည့်ရှုရန်ခက်ခဲလှကြောင်း၊ အဘယ့်ကြောင့်ဆိုသော် နိုင်ငံတော် အစိုးရက အသင်းတော်အပေါ် ဖိအားပေးခြင်းနှင့် အခွင့်အရေးယူခြင်းတို့ကြောင့်ဖြစ်သည်ဟု Anthony Lam Sui-ki မှပြောကြားခဲ့သည်။ ထို့အပြင် Beijing အစိုးရကလည်း မိမိလက်အောက်တွင်ရှိနေကြသော အဖွဲ့အစည်းများအား ဘယ်လိုထိန်းချုပ်မည်ကို ပြီးခဲ့သော ဧပြီလတွင် ပြုလုပ်ခဲ့သော တစ်နိုင်ငံလုံးဆိုင်ရာအစည်းအဝေး၏ဆုံးဖြတ်ချက်အတိုင်းဘာသာရေးအယူဝါဒများကိုတင်းကျပ်စွာချုပ်ကိုင်ရန်ရည်ရွယ်လျက်ရှိသည်။တရုတ်နိုင်ငံ၏ကက်သလစ်လူဦးရေမှာ တစ်နှစ်ထက်တစ်နှစ်နည်းပါးလာရုံမက နှစ်စဉ်နှစ်တိုင်း(၁၇၀၀၀၀)ခန့်သေဆုံးခဲ့ရ၍ (၇၀၀၀၀)ခန့်သာ ဆေးကြောခြင်းခံကြသည်ဟု Anthony Lam Sui-ki မှထပ်မံပြောကြားခဲ့ပါသည်။

Shanghai ပြည်နယ် Sheshan မြို့ တွင်ထားရှိသော မယ်တော်ဆင်းတုသည် တိုင်းရင်းသားတော်လှန်ရေးကတည်းက ဖျက်ဆီးခြင်းခံခဲ့ရပြီး ၎င်းအဖြစ်အပျက်ကို ဆရာတော်ဆာဗီးယိုဟွန်တိုင်းဖိုင်းနှင့် Fr. Pedro Yu Heping တို့ကိုယ်တိုင် တွေ့ကြုံခဲ့ရကြောင်း နှင့် "အမှောင်ထဲမှာမျှော်လင့်ချက်ရှိတယ်... အခက်ခဲတွေ တွေ့ရှိလေလေ မျှော်လင့်ချက်တွေ ကြီးလေလေပါပဲ... ဘာလို့လဲဆိုတော့ သခင်ခရစ်တော်ဟာ ကျွန်ုပ်တို့နှင့်အတူ ရှိနေလို့ပဲဖြစ်တယ်" ဟု ထပ်မံပြောကြားသွားခဲ့ပါသည်။ ၂၀၀၈ခုနှစ် ပုပ်ရဟန်းမင်းကြီး ဘေနဒစ် XVI ရေးဖွဲ့ခဲ့သော ဆုတောင်းမေတ္တာအတိုင်း "ရဲ့ရင့်ပါ၊ ပေးကမ်းစွန့်ကြဲခြင်းနှင့် အမှန်တရားအတွက် ရပ်တည်ပါ" ဟု သူ၏ တရုတ်ဘာသာတူများကို အားပေးလိုက်သည်။ ၂၀၀၇ ခုနှစ်တွင် ပုပ်ရဟန်းမင်းကြီး ဘေနဒစ် XVI သည် တရုတ်ခရစ်ယာန်တို့အတွက်ရည်စူးပြီး ခရစ်ယာန်တို့အားမှိုင်းမတော်မူသောသခင်မ ဆင်းတုကို Sheshan တွင် ထားရှိခဲ့သည်။ (cbcm-osc)





# အစေခံခြင်းကိုခံရန်မဟုတ်ပဲ၊ အများကိုစေခံရန်အတွက် ဖိတ်ခေါ်ခံရသူများဖြစ်ကြောင်း ဦးပဥ္စင်းကြီးများအား ပုပ်ဖရန်စစ်မြွက်ကြားခြင်း




မိမိတို့၏ဘဝနှင့်အချိန်ကို ရက်ရောစွာဖြင့် ပေးဆပ်ကြရမည်ဖြစ်ကြောင်း ကမ္ဘာတစ်ဝှမ်းမှ ဦးပဥ္စင်းကြီးများအား အရှင်သူမြတ်ပုပ်ဖရန်စစ်သည် မေလ (၂၉) ရက်နေ့က မြွက်ကြားခဲ့ပါသည်။

အစေခံသူသည် မိမိ၏အားလပ်ချိန်ကို လျှို့မထားသင့်ပဲ ၎င်း၏တစ်နေ့တာတွင်၊ သခင်နေရာခံယူလိုခြင်း စိတ်ကိုဖြေလျော့ပစ်ရမည်ဖြစ်ကြောင်း အဘယ်ကြောင့်ဆိုသော် ၎င်းရရှိထားသည့်အချိန်သည်ဘုရားရှင်ထံမှ ရရှိသည့် အချိန်ဖြစ်ကြောင်းကို ၎င်းအနေနဲ့ သတိရှိရန်ပင်ဖြစ်သည်ဟု ဆိုပါသည်။အထက်ပါမြွက်ကြားချက်တို့ကို ဦးပဥ္စင်းကြီးများ၏ ဂျူဘီလီနောက်ဆုံးနေ့ တနင်္ဂနွေနေ့က စိန်ပီတာဘာဆီးလီးကားကျောင်းတော်ကြီး၌ ကျင်းပသည့် မစ္ဆားတရားတော်မြတ်ကြီးတွင်အရှင်သူမြတ်က မြွက်ကြားခဲ့ခြင်းဖြစ်ပါသည်။

အစေခံသူသည် ကျေးကျွန်မဟုတ်ပဲ မမျှော်လင့်သည့် အချင်းအရာများအတွက် ကူညီဖြေရှင်းရန်၊ အမြဲတမ်းအဆင်သင့်ဖြစ်နေကာ ဘုရားရှင်၏ မဆုံးနိုင်သောအံ့ဖွယ်ရာများတို့ကိုကြိုဆိုရင်း ညီအစ်ကိုမောင်နှမများအားလုံးအတွက်အမြဲအဆင်သင့်ဖြစ်နေသူပင်ဖြစ်ကြောင်းပြောကြားပြီး အရှင်သူမြတ် ပုပ်ဖရန်စစ်သည် ဦးပဥ္စင်းကြီးများအနေဖြင့်လည်း သစ္စာရှိသောအစေခံ ငယ်သားကောင်းဖြစ်ရမည့်အကြောင်းကို မီးမောင်းထိုးပြကာ မြွက်ကြားခဲ့ပါသည်။

**ဦးပဥ္စင်းကြီးများတို့ သင်တို့သည် အများအတွက် အမြဲအဆင်သင့်ဖြစ်နေသူများဖြစ်ကြောင်းပြသပါက သင်တို့ရဲ့သာသနာလုပ်ငန်းသည် အစေခံခြင်းကိုခံလိုသူများမဟုတ်ပဲ ဧဝံဂေလိတရားတော်အတွက် သစ္စာရှိစွာ ရပ်တည်ရှင်သန်သူများ ဖြစ်ကြပါလိမ့်မည်။** ဤနည်းအားဖြင့်၊ သခင်ခရစ်တော်နှင့် အမြဲပေါင်းစပ်ကာ၊ နူးညံ့သိမ်မွေ့သောနှလုံးသားနှင့် ဘဝကို ဆက်ကပ်ခြင်းအားဖြင့်၊ ဘုရားရှင်၏အစေခံများဖြစ်ဖို့ ဘယ်တော့မှကြောက်ရွံ့နေမှာမဟုတ်ပဲဒီခေတ်အချိန်အခါကအားနည်းချို့သော ညီအစ်ကိုမောင်နှမများကိုလည်း သခင်ခရစ်တော်နှင့် ထိတွေ့သကဲ့သို့ဂရုပြုကြသူများဖြစ်လာ ကြလိမ့်မည်ဖြစ်သည်ဟုအရှင်သူမြတ် ပုပ်ဖရန်စစ်က ကမ္ဘာတစ်ဝှမ်းမှဦးပဥ္စင်းကြီးများအားမြွက်ကြားသည်ကိုဗာတီကန်ရေဒီယိုမှ သတင်းရရှိသည်။

# ရဟန်းမင်းကြီးသည်လူမှုလုပ်ငန်းများလုပ်ဆောင်သောအသင်းအဖွဲ့များ၏အစည်းအဝေးသို့ ကိုယ်စားလှယ်စေလွှတ်

ကမ္ဘာ့လူမှုကူညီရေးအဖွဲ့၏ အစည်းအဝေးသည်ပထမဦးအကြိမ်ဖြစ်ပြီးအီစတန်ဘူးလ်မြို့တွင် မေလ (၂၃-၂၄)နေ့၌ ကျင်းပခဲ့ခြင်း ဖြစ်သည်။ ရဟန်းမင်းကြီးဖရန်စစ်က အဆိုပါအစည်းအဝေးသို့ဗာတီကန်၏ ကိုယ်စားလှယ်အဖြစ် ရဟန်းအမတ် Pietro Parolin တက် ရောက်ရန်စေလွှတ်ခဲ့ သည်။

ဤအစည်းအဝေးသည် ကုလသမဂ္ဂဘမ်ကီမွန်း၏တိုက်တွန်းအားပေးခဲ့ခြင်းဖြစ်ပြီးအစိုးရအသီးသီး၊လူမှုအသင်းအဖွဲ့အသီးသီး နှင့် တစ်သီးပုဂ္ဂလ အသင်းအဖွဲ့မှ ကိုယ်စား လှယ်များတက်ရောက်ခဲ့ကြကြောင်းသိရှိရ ပါသည်။

ရဟန်းမင်းကြီးက ယခုကျင်းပသောအစည်းအဝေး၏ရည်ရွယ်ချက်မှာပဋိပက္ခမှုများ၊ သဘာဝပတ်ဝန်းကျင်ပျက်ယွင်းမှုကြောင့်ဖြစ်ပေါ်နေသော စိတ်မချမ်းမြေ့ဖွယ်အခြေအနေနှင့် ဆင်းရဲနွမ်းပါးလွန်းခြင်းကိုအကောင်းဆုံး ကိုင်တွယ်နိုင်မည့်နည်းလမ်းကိုရှာဖွေရန် ကမ္ဘာ့ခေါင်းဆောင်ကြီးများသည် လူ့အသက်ပေါင်းများစွာကိုကယ်တင်ရာ၌ အဘယ်သူကိုမျှ လစ်လျူရှုခြင်းမပြုဘဲ၊ အထူးသဖြင့်အပြစ်မဲ့သူများ၊ အကာအကွယ်မဲ့သူများအား ကူညီကယ်တင်နိုင်မည့် အကျိုးပြုလုပ်ငန်းများကို ထိရောက်စွာ ဖော်ဆောင်နိုင်စေရန်ဆုတောင်းခြင်းဖြင့် ပါဝင်ကြရန် ရဟန်းမင်းကြီးကတိုက်တွန်းခဲ့ပါသည်။

# ပုပ်ရဟန်းမင်းကြီးဖရန့်စစ်နှင့်စင်္ကာပူနိုင်ငံသမ္မတတို့တွေ့ဆုံ

စင်္ကာပူနိုင်ငံ ပြန်လည်ထူထောင်ရေးသမ္မတ Mr.Tony Keng Yumသည် ပုပ်ရဟန်းမင်းကြီးဖရန်စစ်နှင့် ၂၈၊၅၊၂၀၁၆ စနေနေ့၌တွေ့ဆုံခဲ့ပါသည်။ ထို့နောက် နိုင်ငံတကာ လူထုဆက်ဆံရေးအတွက် အတွင်းရေးမှူးဖြစ်သော ဂိုဏ်းချုပ်ဆရာတော်ကြီး Paul Richard Gallagher နှင့်အတူလိုက်ပါလာသည့် ဗာတီကန်နိုင်ငံ၏အတွင်းရေးမှူး Cardinal Pietro Parolin နှင့်တွေ့ဆုံခဲ့သည်။

ထိုတွေ့ဆုံမှုဖြစ်စဉ်ကိုဗာတီကန်ရုံးတော်က နွေးထွေး ဖော်ရွေမှုရှိသောအစည်းအဝေးတစ်ခုဖြစ်ခဲ့ကြောင်း အသိအမှတ်ပြု ထုတ်ပြန်ခဲ့သည်။ ပါဝင်ခဲ့ကြသော အသင်းအဖွဲ့များကလည်း စင်္ကာပူနိုင်ငံနှင့်ဗာတီကန်ရုံးတော်ကြားရှိ ကောင်းမွန်သော ဆက်ဆံရေး၊ နိုင်ငံတော်နှင့် အသင်းတော် အထူးသဖြင့် ပညာပေးခြင်း၊ လူမှုရေးဆိုင်ရာ အတူတကွ ပူးပေါင်းပါဝင်လုပ်ဆောင်ခြင်း စသည်တို့ကို ဆွေးနွေးပြောဆိုသွားခဲ့သည်။

၎င်းအပြင်နိုင်ငံတကာဆိုင်ရာနိုင်ငံရေးအခြေအနေ၊နိုင်ငံတကာနှင့်ယှဉ်သောကြီးမားသည့် ပြဿနာများအကြောင်းကိုပါပြောကြားသွားခဲ့သည်။အရှေ့တောင်အာရှအတွင်းငြိမ်းချမ်းရေး၊ တရားမျှတခြင်း၊



အေးချမ်းတည်ငြိမ်မှုနှင့် လူသားအခွင့်အရေးမြှင့်တင်နိုင်ရေးအတွက်ဘာသာပေါင်းစုံဆွေးနွေးတွေ့ဆုံခြင်းနှင့် ယဉ်ကျေးမှုပေါင်းစုံနီးနှောဖလှယ်ခြင်းများကို အရေးကြီးသောအရာများအဖြစ် ဆွေးနွေးပြောဆိုသွားခဲ့ကြောင်းပြောကြားခဲ့သည်။





# သနားကြင်နာခြင်းအထူးဂျူဘီလီနှစ်တွင် ရဟန်းတော်များ၏ဂျူဘီလီကျင်းပခြင်း

သနားကြင်နာခြင်း အထူးဂျူဘီလီနှစ်အတွင်း ရန်ကုန်ဂိုဏ်းချုပ်သာသနာ ရဟန်းတော်များ၏ဂျူဘီလီကို ရန်ကုန် စိန့်မေရီကာသီဒြယ်ဘုရားကျောင်းတွင်၂၀၁၆ခုနှစ်၊ မေလ(၃၁)ရက်နေ့မှ ဇွန်လ(၂)ရက်နေ့အထိကျင်းပခဲ့ပါသည်။

ဂျူဘီလီတွင် ရန်ကုန်သာသနာမှ ကာဒီနယ်ချားလ်စ်ဘို၊ ဆရာတော်ဂျွန်စောယောဟန်နှင့် ရဟန်း(၇၂)ပါး၊ ပုသိမ်ဂိုဏ်းအုပ်သာသနာမှ ဆရာတော် ဂျွန်မန်းဆိန်းဟီးနှင့်ရဟန်း(၅၇)ပါး၊ပြည်သာသနာမှ ရဟန်း(၂)ပါး၊ မော်လမြိုင် ဂိုဏ်းအုပ်သာသနာ မှ ဆရာတော်ရေမွန် စောဖိုးရေနှင့် ရဟန်း(၅)ပါး၊ဘားအံဂိုဏ်းအုပ်သာသနာမှ ဆရာတော်ဂျက်စတင်းစောမင်းသိုက်နှင့် ရဟန်း(၁၄)ပါး စုစုပေါင်း ဆရာတော်ကြီး (၅)ပါးနှင့် ရဟန်း(၁၅၀)ပါးပါဝင်ခဲ့ပါသည်။





မေ(၃၁)ရက်နေ့ ညနေ(၅)နာရီ တွင် ကာဒီနယ်၊ ဆရာတော်များနှင့်ရဟန်းများ စီတန်းလျက် ကာသီဒြယ်ထဲသို့ ကြွဝင်ကာ ကိုယ်တော်မြတ်ဖူးမျှော်ခြင်း နှင့် အာပါတ်ဖြေခြင်းအခမ်းအနားများပြုလုပ်ခဲ့ကြသည်။ ညနေစာကို အတူတကွသုံးဆောင်ပြီးသောအခါ ရဟန်းများ၏ ဖျော်ဖြေရေးအစီအစဉ်များပြုလုပ်ခဲ့ကြသည်။




ဂျူဘီလီ ဒုတိယနေ့ဖြစ်သော ဇွန်လ(၁)ရက်နေ့နံနက်(၇)နာရီတွင် ကာဒီနယ်ချားလ်စ်ဘို ဦးဆောင်၍ဆရာတော်ကြီးလေးပါး ခြံရံကာရဟန်းတော်များနှင့်အတူ ရဟန်းတော်များ၏ ဂျူဘီလီ မဏ္ဍတရားပူဇော်ခဲ့ကြသည်။ကာဒီနယ်ချားစ်ဘိုက"သနားကြင်နာခြင်းသည် မိမိကိုယ်တိုင် နှင့်ကမ္ဘာကြီး ငြိမ်းချမ်းခြင်းအတွက် လမ်းညွှန်ဖြစ်သည်"ဟုမိန့်ကြားခဲ့ပါသည်။ဆက်လက်၍ကာဒီနယ်က"သနားကြင်နာခြင်းနှစ်သည် ကိုယ်ကျင့်တရားတွေကို တော်လှန်ရမယ့်နှစ်ဖြစ်ကြောင်း၊ ရဟန်းများသည် ကုသပေးသူလည်းဖြစ်ကြောင်း၊မြန်မာပြည်မှာ သနားခြင်းပြဖို့နည်းလမ်း ထောင်ကျော်ရှိတယ်။ ဆင်းရဲသား၊ သူတောင်းစား၊ လူနာ၊ အိုးမဲ့အိမ်မဲ့သူ၊ လူကုန်ကူးခံရသူ၊ အနာဂတ်မဲ့လူငယ်များနှင့်ပြည့်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊မိသားစုမှာသနားခြင်း ကိုတည်ဆောက်ရန်လိုကြောင်း၊ ဤသနားကြင်နာခြင်းနှစ်သည် အခွင့်အရေး **နှစ်** ဖြစ်ကြောင်း၊ စိတ်ဓါတ်၊ သဘောထားတွေကို ပြုပြင်ရင်း အတ္တမာန၊ တစ်ကိုယ်ကောင်းဆန်ခြင်းများကိုစွန့်လွှတ်ကြစို့။ ဘုရားသခင်သည်လူတိုင်းကိုအဆတစ်ရာသောကျေးဇူးများကိုပေးရန်စောင့်ကြိုနေသည်"ဟုဩဝါဒတွင်မြွတ်ကြားခဲ့သည်။




နံနက်(၉)နာရီတွင် ဆရာတော်ဂျွန်စောယောဟန်က"ရဟန်းတော်များ၏ အသက်တာ" ခေါင်းစဉ်နှင့် ဘုန်းတော်ကြီးဟီဂျီးနီးစ်မြင့်စိုးက "သနားကြင်နာခြင်း၏တမန်တော်များ"ခေါင်းစဉ်တို့ဖြင့်အသီးသီးဝေမျှခဲ့ကြကာ ကြွရောက်လာကြသောရဟန်းတော်များကို ရဟန်းသိက္ခာခံယူသည့်နှစ်များအလိုက် (၁ နှစ်မှ ၁၀နှစ်)၊ (၁၁နှစ်မှ၁၅နှစ်)၊ (၁၆နှစ်မှ ၂၀နှစ်)၊ (၂၁ နှစ်မှအထက်)ဟူ၍(၁၀)ဖွဲ့ ဖွဲ့ကာအထက်ကဝေမျှခဲ့ကြသောအချက်များကို မိမိတို့၏



ရဟန်းဘဝတွင် မည်ကဲ့သို့တွေ့ကြုံခံစားခဲ့ကြောင်း ဆွေးနွေးခဲ့ကြသည်။

နေ့လည်ပိုင်း(၂)နာရီတွင်အဖွဲ့ အသီးသီးတို့၏ ဆွေးနွေးခြင်းများကို ပြန်လည်စုစည်းတင်ပြကြကာ သိလိုသည့်အချက်အလက်များကိုအပြန်အလှန်ဆွေးနွေးခဲ့ပြီး ဘားစကက်ဘော ပြိုင်ပွဲဆက်လက် ပြုလုပ်ခဲ့ကြသည်။ ညတွင်ဇွန်လ(၁)ရက်နေ့ပွဲနေ့ဖြစ်သော ရဟန္တာဂျက်စတင်းနာမည်ခံဆရာတော် ဂျက်စတင်း စောမင်းသိုက်အားဂုဏ်ပြု နှုတ်ဆက်ကြ၍ ညနေစာကို Unplug တီးခတ်ရင်း ပါဝင်ခဲ့ကြသည်။

ဇွန်လ(၂)ရက်နေ့ နံနက်(၇) နာရီတွင် ပုသိမ်ဂိုဏ်းအုပ်ဆရာတော်ဂျွန်မန်းဆိန်းဟီ ဦးဆောင်၍ ကာဒီနယ်၊ ဆရာတော်သုံးပါးနှင့် ဘုန်းတော်ကြီးများက ရဟန်းတော်များ၏



ဂျူဘီလီ ကျေးဇူးတင်မဏ္ဍတရားကို ပူဇော်ခဲ့ကြပါသည်။ဆရာတော် ကြီးဂျွန်မန်းဆိန်းဟီက "ရဟန်းများကို မြင့်မြတ်သောခေါ်တော်မူခြင်းနှင့်ရဟန်းတို့၏ ဘုရားပေးတာဝန်များအကြောင်း" ကိုရဟန္တာသူတော်မြတ်တို့ ၏အဆိုအမိန့်များဖြင့် ဩဝါဒမြွက်ကြားခဲ့ပါသည်။ ဆရာတော်ဂျွန်စောယောဟန်က "ရန်ကုန်ဂိုဏ်းချုပ်သာသနာ၊ ရဟန်းတော်များ၏ဂျူဘီလီကို ကောင်းမွန်စွာကျင်းပနိုင်သည့်အတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါကြောင်း၊ ဂျူဘီလီအတွက် အစစအရာရာဦးဆောင်လမ်းညွှန်ပေးကာဂျူဘီလီတွင် ပါဝင်ကြသည့်ကာဒီနယ်ကြီး၊ ဆရာတော်ကြီးများနှင့်ဘုန်းတော်ကြီးများအားလုံးကို ကျေးဇူးတင်ပါကြောင်း၊ ရဟန်းတော်များ၏ ဂျူဘီလီကိုကောင်းမွန်စွာ ပြုလုပ်နိုင်ရန်အဘက်ဘက်မှ ကူညီပေးကြသည့်သူများတစ်ဦးစီကိုကျေးဇူးတင်ရင်း ဘုရားရှင်၏ကောင်းကြီးတော်သည်သင်တို့ အပေါ်အစဉ်သက်ရောက်ပါစေ"ဟု ဆုတောင်းပေးကာ ကျေးဇူးစကားမြွက်ကြားခဲ့ပါသည်။



ရဟန်းတော်များ၏ဂျူဘီလီ ကျေးဇူးတင်မဏ္ဍတရားတော်ပြီးဆုံး၍ဆရာတော်ကြီးများ၏ကောင်းကြီးမင်္ဂလာကို ခံယူကာ နံနက်စာသုံးဆောင်ကြပါသည်။ ထို့နောက်မိမိတို့၏သာသနာအသီးသီးသို့ ပြန်လည်ထွက်ခွာကြပါသည်။

(CBCM-oSc)

ရဟန်းတော်များ၏ဂျူဘီလီနေ့တွင် ကာဒီနယ်ချားလ်စ်၊ ဆရာတော်ကြီးများနှင့်ဘုန်းတော်ကြီးတို့မြွက်ကြားခဲ့သော ဩဝါဒများကို စာမျက်နှာသီးသန့်ခွဲ၍ဖော်ပြထားပါသည်။

## လိင်တူချင်းချစ်သူများအားမုန်းတီးရေး

ဆရာတော်၏အမည်မှာ အန်ဒရေဂျိုးဇက် လေအိုနာဒ်ဖြစ်ပြီး ဘယ်ဂျီယံနိုင်ငံ၊ ဘရူဆေးစ်မြို့က ဖြစ်ပါသည်။ ဘရူဆေးစ် တက္ကသိုလ်တစ်ခု၏ အလုပ်ရုံအစည်းဝေးပွဲ လုပ်နေစဉ် လိင်တူချစ်သူ အမျိုးသမီးတစ်ချို့၏ ကျူးကျော် ဆန္ဒပြခြင်းကို ခံခဲ့ရပါသည်။ ဆန္ဒပြသူ လိင်တူချစ်သူအမျိုးသမီးများက ဆရာတော်ကြီးအား ရေနှင့်လောင်းကြသော်လည်း ဆရာတော်ကြီးက ထိုဆန္ဒပြသူများကို လှည့်မကြည့်ဘဲ တည်တည်ငြိမ်ငြိမ်နှင့် နေခဲ့ကြောင်း၊ ဆန္ဒပြသည့်အကြောင်းရင်းမှာလိင်တူချင်းချစ်သူများအားမုန်းတီးရေး (Homophobia)ကို ဆန့်ကျင်ဆန္ဒပြခြင်းဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ သတင်းအေဂျင်စီများထံမှ သိရပါသည်။ ဆန္ဒပြခိုက် တစ်လျှောက်လုံး လုံးဝတည်ငြိမ်စွာနေခဲ့ပြီး ဆန္ဒပြအပြီးတွင် ဆရာတော်ကြီးက မယ်တော်သခင်မ မာရီယား၏ပုံတော်အား နမ်းကာအခန်းမှ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်းသိရသည်။ **မနောအောင်**

# ခရီးသွားကလေးသူငယ်များနှင့်အရှင်သူမြတ်
# (သင်တတ်နိုင်သရွေ့ကောင်းမှုမှန်သမျှအားလုံးကိုလုပ်ဆောင်ပါ)

Vatican .AFP ၌မေလ ၂၈၊၂၀၁၆ တွင်အရှင်သူတော်မြတ်ဖရန်းစစ်သည် ရွှေ့ပြောင်းနေထိုင်သူများ၏ ကလေးများအပါအဝင် အီတလီနိုင်ငံတောင်ပိုင်းမှ ကလေးငယ်ပေါင်း ၄၀၀ နှင့်တွေ့ဆုံပွဲတစ်ခုကို တက်ရောက်ခဲ့သည်။

အရှင်သူမြတ် ပုပ်ဖရန်စစ်သည် စနေနေ့တွင် မတူညီကွဲပြားသော နိုင်ငံများ၊ ယဉ်ကျေးမှုများနှင့် ဘာသာရေးများမှ ကလေးများ (၄၀၀)ကိုလက်ခံတွေ့ဆုံခဲ့သည်။ ထိုသူအများစုမှာ ကလေးသူငယ်များ၏ ရထားနှင့် စီးနင်လိုက်ပါလျက် အီတလီတောင်ပိုင်း ကလာဗရီးယ (Calabria)မှ ရောမမြို့သို့ ခရီးသွားသောသူများနှင့် The Treno dei Banbini ယခုနှစ် ယဉ်ကျေးမှုအတွက် ရဟန်းမင်းကြီး အသိအမှတ်ပြုကောင်စီ၏ဆောင်ပုဒ်ဖြစ်သော "လေလှိုင်းများဖြင့်သယ်ဆောင်ခြင်း" ထိုဆောင်ပုဒ်သည် တစ်နိုင်ငံမှတစ်နိုင်ငံသို့ ဝင်ရောက်ခိုလှုံခြင်း၏ သေစေနိုင်သောအန္တရာယ်ကို ထင်ရှားစွာပုံဖော်စေခဲ့ပြီး ညှင်းပန်းနှိပ်စက်ခြင်း၊ ကျွန်ပြုခြင်းနှင့် သေခြင်းများအကြားပို၍ကောင်းမွန်သော အနာဂတ်အတွက် မျှော်လင့်ချက်နှင့် မိမိတို့ မွေးရပ်မြေမှခွါလျက် ပိုမိုကောင်းမွန်သော ဘဝအတွက် နေရာစိမ်း၊ ဒေသစိမ်းများ၌ ရှာဖွေလုပ်ကိုင်နေကြသော ဝင်ရောက်ခိုလှုံသူများနှင့် ဒုက္ခသည်များ ဖြစ်ကြသည်။ ဗာတီကန်ရှိ စိန့်ပီတာရထားဘူတာသို့ စနေနေ့၌ ကလေးများရောက်ရှိခဲ့သည်။

သူတို့စီးနင် လိုက်ပါလာသော ယာဉ်ကြီးသည် နနယ်သော ခရီးသွားများဖြစ်သည့် သူတို့အတွက်အခက်အခဲနှင့် အဆင်မပြေမှုအချို့ကိုလည်း သယ်ဆောင်ပေးခဲ့ပါသည်။ သူတို့၏ လွန်ဆန်မရသောအခက်အခဲများနှင့်အတူ John XXIII အသင်းအဖွဲ့မှနွေးထွေးစွာ ကူညီမှုနှင့် ဂရုစိုက်မှုများကိုလည်းကောင်း၊ Palermoမှကလေးငယ်များတီးဝိုင်းအဖွဲ့ "Quattrocanti" ၏ လုပ်ဆောင်မှု (ကွဲပြားသောလူမျိုးရှစ်မျိုးမှ ယောက်ျားလေး၊ မိန်းကလေးများ ဖွဲ့စည်းထားသောအဖွဲ့)၊ ၎င်းအပြင် Vibo Marina ကျောင်း၏ ကျောင်းအုပ်ဖြစ်သော Mary Salvia ၏ဦးဆောင်မှုတို့နှင့် အတူတကွပါဝင်လျှက်သွားလာခဲ့ကြသည်။

သူမသည် အရှင်သူမြတ် ဖရန်စစ်ထံသို့ Lesbos မှကလေးသူငယ်များအတွက် သူမ၏ကျောင်းမှ စုပေါင်းကောက်ခံထားသောငွေနှင့်သူမ၏ကျောင်းသားများလက်မှတ်ပါ စာတစ်စောင်ကို ယူဆောင်ပေးခဲ့သူဖြစ်သည်။ ကာဒီနယ် Ravasi ကအရှင်သူမြတ်ကိုဖတ်ပြခဲ့သောထိုစာ၌"ကျွန်ုပ်တို့သည် ကျွန်ုပ်တို့နိုင်ငံသို့ ရောက်လာသည့် မည်သူကိုမဆိုကြိုဆိုလက်ခံပါမည် ကွဲပြားသောအသားအရေ၊ အရောင်အသွေးနှင့် ဘာသာစကားကိုင်းကျွန်ုပ်တို့နှင့်ဘာသာမတူကွဲပြား ယုံကြည်မှု ပြုသူများကိုင်း၊ ကျွန်ုပ်တို့၏ အန္တရာယ်ပြုနိုင်သော ရန်သူအဖြစ် မည်သည့်အခါမျှ ယူဆသတ်မှတ်မည်မဟုတ်ကြောင်းဂတိပေးပါသည်"ဟူ၍ပါရှိပါသည်။ငယ်ရွယ်နနယ်သောခရီးသည်များနှင့် လွတ်လပ်စွာဖြင့် အပြန်အလှန်ဆွေးနွေး ပြောဆိုခြင်း၌ ပုပ်ဖရန်စစ်သည် ဝင်ရောက်ခိုလှုံသူများ၏လူ့တန်ဖိုးနှင့်ကွဲပြားသော အခက်အခဲပြဿနာများကို အဓိကပစ်မှတ်ထားပြောကြားခဲ့သည်။ ပုံပြင်ကိုပြန်လည်မြွက်ကြားပြီးပင်လယ်ထဲ၌ နစ်မြုပ်သေဆုံးသွားသော ဝင်ရောက်ခိုလှုံသူလူငယ်တစ်ဦး၏ အသက်ကယ်အင်္ကျီကို ရဟန်းမင်းကြီးထံယူဆောင်ခဲ့ပြီး လွတ်မြောက်လာခဲ့သော အလုပ်သမားတစ်ဦးပြောခဲ့သောစကားများကို ပြန်လည်ဝေမျှပေးခဲ့သည်။

"သူကျွန်ုပ်ကို ဒီအင်္ကျီပေးခဲ့တယ် သူ့ရဲ့မျက်လုံးတွေမှာလည်းမျက်ရည်တွေနဲ့ပါ သူက"ဖာသာရ်ကျွန်ုပ်ဘာမှမတတ်နိုင်ခဲ့ဘူး။ ရေလှိုင်းပေါ်မှာ မိန်းကလေးငယ်တစ်ယောက်ရှိခဲ့တယ်။ကျွန်ုပ်တတ်နိုင်သမျှလုပ်ဆောင်ခဲ့ပါတယ် ဒါပေမယ့် ကျွန်ုပ်သူ့ကိုမကူညီနိုင်ခဲ့ဘူး။ သူမရဲ့အသက်ကယ်အင်္ကျီသာလျှင်ကျန်ခဲ့ပါတယ်" ဟုပြောခဲ့သည်။ ထိုအင်္ကျီကို လက်ခံရယူပြီးနောက်ပုပ်ရဟန်းမင်းကြီးက စကားဆိုလိုက်သည်။"ကျွန်ုပ်သင့်ကိုဝမ်း မနည်းစေချင်ပါဘူး၊ ဘာလို့လဲဆိုတော့ သင်ဟာသတ္တိရှိပြီး အမှန်တရားကိုသိသူဖြစ်တယ်။ သူတို့ဟာ အန္တရာယ်ကြားရောက်နေကြပါတယ်။ငယ်ရွယ်သူ ယောက်ျားလေး၊ မိန်းကလေးများစွာ၊ ကလေးငယ်များစွာလူကြီးမိန်းမကြီး များစွာဟာအန္တရာယ် ကြားမှာရှိနေပါတယ်" ဟု ပြောကြားခဲ့ သည်။ ဆက်လက်ပြီး အရှင်သူမြတ်က အဲဒီအမျိုးသမီးငယ်အကြောင်းကိုဆင်ခြင်တွေးတောကြပါစို့။ သူမ၏နာမည် ဘယ်လိုခေါ်သလဲ။ ကျွန်ုပ်တို့မသိခဲ့ပါဘူး နာမည်မရှိတဲ့ အမျိုးသမီးငယ်တစ်ဦးဖြစ် တယ်။

သင်တို့တစ်ဦးစီဟာ သူမကိုကြိုက်တဲ့နာမည်တစ်ခုစီ ပေးနိုင်ပါတယ်။ သူမဟာ ယခုကောင်းကင်ဘုံမှာရှိနေမှာပါ၊ကျွန်ုပ်တို့တစ်ဦးစီကိုကြည့်နေမှာပါ" ဟု ပြောကြားခဲ့သည်။

အချိန်များစွာပေးဆပ်လျှက်တွေ့ဆုံခြင်းထဲမှ မှတ်သားဖွယ်ရာတစ်ခုမှာ ရဟန်းမင်းကြီးဖြစ်ရခြင်း၏ အဓိကဆိုလိုရင်းနှင့် အဓိပ္ပါယ်ကဘာလဲဟု အရှင်သူမြတ်အားလည်ပတ်သူ လူငယ်ငြေ့သည်များထဲမှ လူငယ်တစ်ဦး၏အမေးကိုရဟန်းမင်းကြီး အရှင်သူမြတ်က "အကောင်းမှန်သမျှ ကျွန်ုပ်တတ်နိုင်သမျှ လုပ်ဆောင်ရန်" ဖြစ်သည်ဟုတုန့်ပြန် ပြောကြားခဲ့သည်။ ဆက်လက်ပြီး အရှင်သူမြတ်က "သခင်ခရစ်တော်က ထိုအရာကို လုပ်ဆောင်ရန် ကျွန်ုပ်ကိုခေါ်ခဲ့သည်။ ကျွန်ုပ်အား ခရစ်ယာန်တစ်ဦးဖြစ်စေရန် အလိုရှိသည်။ ခရစ်ယာန်တစ်ဦး အနေဖြင့် အကောင်းမှန်သမျှမိမိတတ်နိုင်သရွေ့လုပ်ဆောင်ရမည်။

ထို့အပြင် သခင်ခရစ်တော်သည် ကျွန်ုပ်ကို ရဟန်းတစ်ပါးဖြစ်စေရန် အလိုရှိခဲ့သည်။ ၎င်းနောက် ဆရာတော်တစ်ပါးဖြစ်ရန်၊ ရဟန်းနှင့် ဆရာတော်တစ်ပါးအနေဖြင့် မိမိတို့တတ်နိုင်သရွေ့ ကောင်းမှုမှန်သမျှကို လုပ်ဆောင်ရမည်ဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်အားထိုအရာများကို လုပ်ဆောင်ရန်ခေါ်နေသည်ဟု ကျွန်ုပ်ခံစားရသည်။ဤအရာများသည်ကျွန်ုပ်၏ခံစားချက်၊ယူဆချက်ဘဲဖြစ်ပါသည်ဟုအရှင်သူမြတ်ဖရန်စစ်က ဖြေကြားခဲ့သည်။

ဗာတီကန်ရေဒီယို

## အပတ်စဉ်တွေ့ဆုံနေကျလူထုပရိသတ်နှင့်တွေ့ဆုံရာတွင်ပုပ်ဖရန်စစ်သည် လက်ရာမှုရာ Sign Language ကိုအသုံးပြုခြင်း

စိန့်ပီတာရင်ပြင်တော်တွင် အပတ်စဉ် လူထုပရိတ်သတ်နှင့် တွေ့ဆုံစဉ် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က အရှင်သူမြတ်ပုပ်ဖရန်စစ်သည် နားမကြားသူများအတွက် အထူးအသုံးပြုသော လက်ဟန်အနေအထားဖြင့်ပြောဆိုသည့် ဘာသာစကားကို အသုံးပြုကာ ထိုနေ့အစီအစဉ်ကို စတင်ခဲ့ပါသည်။ အကြောင်းမှာ ဖလောရင့်စ်တွင် ရပ်တည်ထားသော နားမကြားသူများအတွက်ဘုတ်အဖွဲ့အစည်းမှ ဘုရားဖူးပရိတ်သတ်များရှိ၍ပင်ဖြစ်ပါသည်။ ၎င်းအပြင် လာတီးနာတွင်တည်ထားသော အီတာလျံ မျက်မမြင်များအဖွဲ့အစည်းလည်းရှိနေခဲ့ကြောင်း၊ သတ္တမမြောက် ပုပ်ရဟန်းမင်းကြီး စိန့်ဂရေဂေါ်ရီ၏ ပွဲတော်နေ့လည်းဖြစ်သည့်အားလျော်စွာ၊ ထိုနေ့က လူထုပရိတ်သတ်နှင့် တွေ့ဆုံသည့် နောက်ဆုံးအစီအစဉ်တွင် မကျန်းမာသူများနှင့်ချည့်နဲ့မသန်စွမ်းသူများတို့အား၊ သင်တို့ခံစားရသော ရောဂါဝေဒနာများနှင့် ဒုက္ခများကိုခံနိုင်ရည်ရှိနိုင်ရန် ခွန်အားကျေးဇူးတော်ကို စိန့်ဂရေဂေါ်ရီသည် တောင်းလျှောက်ပေးတော်မူပါစေဟု ဆုတောင်းရင်း အရှင်သူမြတ်ပုပ်ဖရန်စစ်က နာမကျန်းသူများအတွက် အထူးကောင်းကြီးမင်္ဂလာကို ပေးခဲ့ပါကြောင်း ဗာတီကန်ရေဒီယိုမှသတင်းရရှိပါသည်။

# ပုပ်ရဟန်းမင်းကြီးဖရန်စစ်နှင့် ငြိမ်းချမ်းရေးဆောင်ရွက်သူများ ဖြစ်သော “Schola Quurenter” အဖွဲ့ဝင်များတွေ့ဆုံနှုတ်ဆက်

၂၉၊၅၊၂၀၁၆(စနေနေ့) မွန်းလွဲပိုင်းတွင် အရှင်သူမြတ် ဖရန်စစ်သည်Scholas Occurenter အဖွဲ့အစည်းမှ အဖွဲ့ဝင်များနှင့် သူတို့၏ကမ္ဘာနီးနောဖလှယ်ပွဲအပိတ်နေ့၌ တွေ့ဆုံခဲ့ပါသည်။

ထိုအသင်းအဖွဲ့သည်အာဂျင်တီးနားရှိကွဲပြားသောယဉ်ကျေးမှုဘာသာရေးနောက်ခံများမှစာသင်ကျောင်းများနှင့်ပညာရေးဆိုင်ရာ ကွန်ယက်များကို စုစည်းပေးသောနိုင်ငံတကာဆိုင်ရာ စီမံကိန်းအဖွဲ့ကြီးဖြစ်ပါသည်။

တွေ့ဆုံခြင်း၌ ဂီတ၊ ဗီဒီယိုနှင့်သက်သေခံခြင်းများ၊ ထိုနေရာရှိပုဂ္ဂိုလ်များနှင့်ရဟန်းမင်းကြီးအကြား အပြန်အလှန် မေးဖြေကဏ္ဍများကို ဗာတီကန်ရှိ ခန်းမတစ်ခု၌ကျင်းပခဲ့ပါသည်။ ကမ္ဘာအနှံ့အပြားရှိ ၎င်းအသင်းအဖွဲ့၏ အရေးကြီးသောကိုယ်စားပြုပုဂ္ဂိုလ်များသည် ဗာတီကန်ရှိ သိပ္ပံပညာရပ်ကိုလေ့လာသောတက္ကသိုလ်တစ်ခုတွင် စုဝေးကာလွန်ခဲ့သော(၃)ရက်ခန့်က“တက္ကသိုလ်နှင့်ကျောင်း၊ နံရံနှင့်တံတား” ခေါင်းစဉ်းပေါ်အခြေခံကာဆွေးနွေး ပြောဆိုရန်ရောက်လာခဲ့ကြပါသည်။ ၎င်းထဲမှနာမည်ကျော်ကြားသော Salma Havek, George Clooney နှင့် Richard Gere တို့လည်းပါဝင်သည်။ ထိုအစည်းအဝေး၏ရည်ရွယ်ချက်မှာScholas Qccurenterက မိမိတို့၏လုပ်ဆောင်မှုကိုaskpopefrancis scholasocurrenter.org ဝဒ်ဆိုဒ်ထားရှိကာ ထိုဝဒ်ဆိုဒ်ဖြင့်သာ စတင်မည်ဖြစ်ကြောင်းထို(ဝဒ်ဆိုဒ်)မှတစ်ဆင့် ပုဒ်ရဟန်းမင်းကြီးကိုမိမိကမေးမြန်းလိုသော မေးခွန်းများကိုတိုက်ရိုက် မေးမြန်းနိုင်ရန်ဖြစ်ပါသည်။

ထိုအစည်းအဝေးရလဒ်များကို စာအုပ်တစ်အုပ်ဖြင့်မှတ်တမ်းထားရှိပြီး ထိုစာအုပ်ကို Mondadoriမှ ထုတ်ဝေပေးမှာဖြစ်ကြောင်း သိရပါသည်။ အစည်းအဝေး၌ ရဟန်းမင်းကြီးဖရန်စစ်သည် မေးခွန်းများကိုဖြေကြားပြီး အမှတ်တရလက်မှတ်များရေးထိုးပေးသည့်အပြင် သံလွင်ပင်ပေါက်ငယ်လေးကိုလည်း လက်ဆောင်အဖြစ်လက်ခံရယူခဲ့သည်။ မက်ဆီကန်အမျိုးသမီးငယ်တစ်ဦးက စာသင်ကျောင်း၌ မိမိတွေ့ကြုံခဲ့သောဖိအားပေးမှု၊ စိတ်ဖိစီးမှုများကို ထုတ်ဖော်ပြောပြသွားခဲ့သည်။

အခြားသောလူငယ်တစ်ဦးကလည်း အာဖရိကရှိမိမိအစ်မထံမှလက်ခံရရှိသောစာတစ်စောင်နှင့် မတရားစေခိုင်းခြင်းခံရသော ကလေးငယ်တို့၏ ဓါတ်ပုံများအကြောင်းကိုလည်းပြောပြခဲ့သည်။

ထိုဖြစ်ရပ်နှစ်ခုလုံး အပေါ်၌ အရှင်သူမြတ်က “ ကလေးငယ်များနှင့်ဆယ်ကျော်သက်အရွယ်များစွာဟာ ရက်စက်ကြမ်းကြုတ်ခြင်းနှင့်တူတဲ့ ဒုက္ခများစွာကိုခံစားနေရပါတယ်။ ဒါကြောင့်ဒီကမ္ဘာကြီးကအဆက်မပြတ် နားထောင်ပေးဖို့၊ ညင်သာမြတ်နိုးပေးဖို့၊ အတူတကွနေထိုင်ရှင်သန်လုပ်ကိုင်ဖို့” လိုအပ်ကြောင်းပြောကြားသွားခဲ့သည်။ ထို့အပြင် ကမ္ဘာကြီးထဲ၌ “ချူကလိယဓါတ်ငွေ့ထုတ်လုပ်ခြင်း၏အန္တရာယ် ပို၍ကြီးထွားလာကြောင်းကိုသတိပေးတားမြစ်ရန်နှင့်တံတားများကိုတည်ဆောက်ရန်ဖြစ်ကြောင်း” ပြောကြားသွားခဲ့သည်။

အရှင်သူမြတ်ဖရန်စစ်က ကျွန်ုပ်တို့စကားပြောဆိုရာမှာ စကားလုံးသက်သက်သာမဟုတ်ဘဲ အပြုံးတစ်ပွင့်၊ ထွေးပွေ့မှုတစ်ခု၊ သူ့ပုခုံးကိုညင်သာစွာပွတ်သပ်ပေးမှုတစ်ခု စသည့်အပြုအမူအားဖြင့်လည်း စကားပြောဆိုရမှာ ဖြစ်ကြောင်းနှင့် တစ်ပါးသူကို နားထောင်ပေးခြင်း၊ မေးခွန်းများမေးမြန်းခြင်းနှင့် အပြန်အလှန်စကားပြောဆိုခြင်းဖြင့် တံတားတစ်ခုကိုတည်ဆောက်နိုင်မှာဖြစ်ကြောင်း အဓိကထားပြောကြားသွားခဲ့သည်။သုံးသပ်ချက်အရအပြန်အလှန်တွေ့ဆုံဆွေးနွေးခြင်းပိုမိုတိုးတက်စေရန် Schola Occurenters သည် လူမှုရေးကွန်ယက်များ အပေါ်တွင်လုံးဝမှုတည်နေကြောင်း ထင်မြင်ယူဆခဲ့ကြသည်။ တခြားအကြောင်းအရာများဖြစ်သောတစ်ဦးနှင့်တစ်ဦးအနိုင်ကျင့် ဗိုလ်ကျခြင်းကို ဆန့်ကျင်ရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရန်၊ အားကစားနှင့် အနုပညာများကို အသုံးပြုခြင်းဖြင့် ခရစ်ယာန်တို့၏တန်ဖိုးကို ပြန်လည်မြှင့်တင်နိုင်ရန် စသည်တို့ကိုလည်း ဆွေးနွေးပြောဆိုခဲ့ကြသည်။ **ဗာတီကန်ရေဒီယို**

# ပိုလန်နိုင်ငံတွင်ကျင်းပသော လက်ဒီကာ လူငယ်ညီလာခံသို့ ပုပ်ဖရန်စစ် နှုတ်ခွန်းဆက်မင်္ဂလာစကားပေးပို့ခြင်း

ပိုလန်နိုင်ငံ လက်ဒီကာရေအိုင်အနီးတွင် လူငယ်ပေါင်း ၂၀၀၀ ဖြင့် ပြုလုပ်သည့် စုဝေးပွဲသို့ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်သည်(၁၆၊၂၀၁၆)နေ့ကနှုတ်ခွန်းဆက်မင်္ဂလာစကား မြွက်ကြားခဲ့သည်။ လက်ဒီကာ လူငယ်စုဝေးပွဲသည် ၁၉၉၇ ခုနှစ်တွင်၊ ဒေါ်မိနိကန်အသင်းဂိုဏ်း မှ Father Jan Góra ကစတင်ခဲ့ကာ ကက်သလစ်လူငယ်စုစည်းမှုများထဲမှကမ္ဘာပေါ်တွင်အကြီးဆုံးလူငယ် စုစည်းမှုဖြစ်လာခဲ့ကြောင်း၊ ယခုနှစ် (၂၀) ကြိမ်မြောက် လာဒီကာလူငယ်စုဝေးပွဲကျင်းပသည့်နေရာသည် အေဒီ ၉၆၆ ခုနှစ်က ပထမမြောက် ပိုလန်ဘုရင် Mieszko ဆေးကြောခြင်းခံယူခဲ့သော အစဉ်အလာရှိသည့် အမှတ်ရစရာနေရာဖြစ်ပြီး၊ လူငယ်တွေ့ဆုံစုဝေးပွဲ သာမကပဲ၊ ဒေါ်မိနိကန်အသင်းဂိုဏ်း စတင်ခဲ့သည့်နှစ်(၈၀၀)ပြည့် အထိမ်းအမှတ်ကို ၎င်း၊ ခရက်ကောင်းမြို့တော်တွင် မကြာမီကျင်းပမည့် ကမ္ဘာ့လူငယ်ပွဲတော်နေ့ကြီးအတွက်ပြင်ဆင်မှုတစ်ရပ် ဖြစ်သည့်အပြင် လူငယ်စုဝေးပွဲ စတင်ခဲ့သူ ဖာသာရ်ဂျန်မရှိပဲ ကျင်းပသည့် ပထမဆုံးလာဒီကာလူငယ်စုဝေးပွဲလည်း ဖြစ်ပါသည်။ ဘုန်းတော်ကြီးဂျန်သည် သက်တော် (၆၇) နှစ်ဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ပျံလွန်တော်မူခဲ့ကြောင်း၊ လာဒီကာလူငယ်စုဝေးပွဲ၏ ဆောင်ပုဒ်မှာ “အာမင်” ဟူသည့် ရိုးရှင်းလှသည့် ဆောင်ပုဒ်ပင်ဖြစ်ပါသည်။




ထို့ကြောင့်၊ ချစ်လှစွာသော မိတ်ဆွေတို့ ကျွန်ုပ်တို့အားလုံးအတူတကွ အာမင်ဆိုပြီး သံစုံဟစ်ကြွေးကြရအောင်လား၊ ဒါဟာ လွန်ခဲ့တဲ့ နှစ် ၁၀၅၀ ခန့်က သင်တို့ရဲ့ ဘိုးဘေးတွေ ပြုခဲ့တဲ့ ယုံကြည်ခြင်းကို ခရစ်တော်၌ အသစ်တဖန် ပြန်လည်ကြွေးကြော်ခြင်းဖြစ်ပါတယ်ဟု ဗုဒ္ဓဟူးနေ့က စိန်ပီတာရင်ပြင်တော်ရှိ ပိုလန်ဘုရားဖူးသူတော်စင်များတို့အား အရှင်သူမြတ်ပုပ်ဖရန်စစ်က လာဒီကာလူငယ်စုဝေးပွဲနှင့် စပ်လျဉ်းကာမြွက်ကြားနှုတ်ဆက်ခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်၌ ဘုရားရှင်၏ ဘုန်းဂုဏ်တော်ကို အမိမယ်တော်မာရီယားသည် အာမင် ဆိုသည့် စကားတော်အားဖြင့်နာခံသည့်နည်းတူ နေ့စဉ်နေ့တိုင်း ကျွန်ုပ်တို့လည်းပြုကြပါစို့၊လာဒီကာလူငယ်စုဝေးပွဲတော်ကိုစတင်ခဲ့သူ ဖာသာရ်ဂျန်၏ နှိုးဆော်မှုအားဖြင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းလမ်းခရီးတွင် လှုံ့ဆော်ခြင်းခံရပြီး၊ဦးဆောင်ခဲ့သူ သင်တို့၏သိုးထိန်းတော်နှင့် သင်တို့၌ကောင်းကြီးမင်္ဂလာရှိပါစေ၊သခင်ခရစ်တော်၏ နာမတော်သည်လည်း ကောင်းကြီးမင်္ဂလာရှိပါစေဟု ပိုလန်နိုင်ငံဘုရားဖူးသူတော်စင်များတို့အား စိန်ပီတာရင်ပြင်တော်တွင် အရှင်သူမြတ်ပုပ်ဖရန်စစ်ကမြွက်ကြားခဲ့သည်ကို ဗာတီကန်ရေဒီယိုမှ သတင်းရရှိပါသည်။




# Belarus သမ္မတနှင့် ပုပ်ရဟန်းမင်းကြီးတွေ့ဆုံခြင်း

ရဟန်းမင်းကြီးအရှင်သူတော်မြတ်သည် Belarusသမ္မတနှင့်တွေ့ဆုံခဲ့သည်။ ၎င်းသမ္မတသည် မကြာသေးမီက ဗာတီကန်၏နိုင်ငံတကာ ဆက်သွယ်ရေးဌာနမှ ဂိုဏ်းချုပ်ဆရာတော်ကြီး ပေါလ်ရိချက်၏အကူအညီဖြင့် ဗာတီကန်၏ကာဒီနယ်ကြီး Pietro Parolinနှင့်လည်း သွားရောက်တွေ့ဆုံခဲ့သည်ဟုလည်းသိရသည်။



နိုင်ငံတော်အတွင်း၌ကက်သလစ်၊ အော့သဒေါ့နှင့် အခြားအသင်းတော်များ အချင်းချင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်နှင့် အရေးကြီးသောကိစ္စများပါ ထည့်သွင်းစဉ်းစားပေးကြရန်အတွက် လာရောက်တွေ့ဆုံဆွေးနွေးပေးကြရန် လှိုက်လှဲစွာ ဖိတ်ခေါ်လျက်ရှိကြောင်းဗာတီကန်ရုံးချုပ်ထုတ်ပြန်ချက်တွင်တွေ့ရှိရသည်။၎င်းတွေ့ဆုံပွဲတွင် မြို့တော်၌၎င်း၊ နယ်အသီးသီး၌၎င်း ငြိမ်းချမ်းရေးအတွက်ရည်ရွယ်ပြီး အသားပေးပြောဆိုထားသည်ကို တွေ့ရှိရသည်။

ထို့နောက်သမ္မတ Lukashenko က ရဟန်းမင်းကြီးအား ခရစ္စတူးကားတိုင်တစ်ခု၊ ပန်းချီကားချပ်တစ်ခုနှင့် ခေတ်မှီရထားတွဲအရုပ်တစ်ခုတို့ကို လက်ဆောင်အဖြစ် ဆက်သခဲ့ကြောင်း၊ ရဟန်းမင်းကြီးကလည်း သမ္မတအားသူ၏စာချွန်တော်များဖြစ်ကြသော "The Encyclical Laudato si,' and the Apostolic Exhortations Evangelii Gaudium and Amoris Laetita" တို့ကို လက်ဆောင်အဖြစ်ပြန်လည်ပေးအပ်ခဲ့ကြောင်းသိရသည်။

ထိုတွေ့ဆုံမှုမတိုင်ခင်Belarusနိုင်ငံမှ သန့်ရှင်းသောပန်းချီ၊ ပန်းပု၊ အနုပညာလက်ရာများတို့ကို ဗာတီကန် ပြတိုက်တွင် တွေ့ရှိရပါသည်။ ၎င်းပန်းချီကား သုံးခုအပြင်(၁၇)ရာစုကတည်းက ထွက်ရှိထားသောပန်းချီကား နှစ်ချပ်လည်းပါဝင်သည်။

## သင်တို့အားကျွန်ုပ်ကျေးဇူးတင်ရမည်ဟု ရဟန်းမင်းကြီးဖရန်စစ်က အကျဉ်းသားတို့အားမိန့်ကြားခြင်း

ရဟန်းမင်းကြီးသည် သနားခြင်းဂျူဘီလီနှစ်အတွက် အကျဉ်းထောင်များ၌ အမှုထမ်းနေကြသော သူများနှင့်အတူ ဆုတောင်းမေတ္တာဖြင့် ဝေမျှလျက်ရှိကြောင်း၊ လူသားများအား ပြန်လည်ထူထောင်ရန်၊ ၄င်းတို့၏ ဂုဏ်သိက္ခာကို ပြန်ဆယ်တင်ရာ၌ ဝန်ထမ်းများပေးဆက်သော ဝန်ဆောင်မှုများအားလုံးအတွက် ကျေးဇူးလည်းအထူးတင်ရှိကြောင်းပြောကြားခဲ့သည်။ထို့ပြင် ပြီးခဲ့သောဇွန်လ(၁)ရက်နေ့က အကျဉ်းထောင်အသီးသီးအားကူညီစောင့်ရှောက်နေသောအမှုထမ်းများတွေ့ဆုံပွဲသို့တက်ရောက်နေသော အကျဉ်းထောင်တာဝန်ခံများအား ဗာတီကန်၏ အတွင်းရေးမှူးဖြစ်သောရဟန်းအမတ် Pietro Parolin မှ တဆင့်သတင်းစကားထူးကိုပေးပို့ခဲ့ကြောင်း ဗာတီကန်ရေဒီယိုမှ သိရှိရပါသည်။

## လက်တွေ့ပါသောချစ်ခြင်းမေတ္တာကိုတည်ဆောက်ရန်အတွက်ပုပ်ရဟန်းမင်းကြီး ကိုယ်စားလှယ်က တောင်ကိုရီးယားကိုတောင်းခံ

တောင်ကိုရီးယားသို့ ဗာတီကန်၏ တင်ပြချက်အရ ခရစ်ယာန်၏ ယုံကြည်ခြင်းသည် တစ်ပါးသူကို အစေခံခြင်းနှင့် ကရုဏာလုပ်ငန်းများ လုပ်ဆောင်ခြင်း၌ အခြေခံသည်။ စစ်မှန်သော ခရစ်ယာန်၏ ချစ်ခြင်းမေတ္တာသည် လက်တွေ့ပါသောချစ်ခြင်းမေတ္တာဖြစ်သည်။ အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာ၊ ဝိညာဉ်ရေးရာနှင့် စိတ်ခံစားမှုဆိုင်ရာ လိုအပ်မှုရှိသူတို့ကို အမှန်တကယ်ကူညီပေးသောအခါတွင် တွေ့ရှိရသည် ဟု တောင်ကိုရီးယားနိုင်ငံကိုယ်စားပြု ဆရာတော်ကြီး Osvaldo Padilla ကပြောကြားသွားပါသည်။ ဖိလစ်ပိုင်နိုင်ငံသားဂိုဏ်းချုပ်ဆရာတော်ကြီးကလည်း သူ၏တရားတော်ထဲ၌"ခရစ်ယာန်ရဲ့ ချစ်ခြင်းမေတ္တာဟာ လက်တွေ့မှာ ကျင့်သုံးသင့်တယ်။ ကျွန်ုပ်တို့တွေ ကိုယ့်ကိုယ်ကို တစ်ပါးသူအအတွက်ဆက်ကပ်ရမယ်။ အတ္တကမ္ဘာကြီးကိုလက်တွေ့ပါတဲ့ ချစ်ခြင်းမေတ္တာနဲ့ပေးဆပ်ဖို့လိုအပ်တယ်။ဒါဟာ သနားကရုဏာခြင်းနှစ်ရဲ့အဓိကရည်ရွယ်ချက်နဲ့ အဓိကအနှစ်သာရလည်းဖြစ်တယ်" ဟု ဖိလစ်ပိုင်နိုင်ငံဆရာတော်ကြီးများ၏ အစည်းအဝေးတွင်ထပ်မံပြောကြားခဲ့ပါကြောင်း၊ "ဘုရားသခင်ဟာအကျွန်ုပ်တို့ကို အင်မတန်မှချစ်ခင်သနားသောဘုရားဖြစ်တယ်။ဒီအတွက်ကျွန်ုပ်တို့တွေလည်း တစ်ပါးသူကိုကြင်နာသနားရမယ်။ ဘာဖြစ်လို့လဲဆိုတော့ဘုရားသခင်က ကျွန်ုပ်တို့ကို ခွင့်လွှတ်ခဲ့တာကြောင့်ဖြစ်တယ်။" ဟု ဂိုဏ်းချုပ်ဆရာတော်ကြီး (Padilla) ကထပ်မံပြောကြားခဲ့သည်။ "Love in Action School " ကျောင်းသည် ကမ္ဘာတဝန်းမှ လူတွေကို ၎င်းကျောင်းသို့ ဆင်းရဲသားများအတွက်လုပ်အားဖြင့်သော်လည်းကောင်း၊ အတွေ့အကြုံအားဖြင့်သော်လည်းကောင်း ရယူလိုသူများအတွက်ပညာရေးကိုစီစဉ်ပေးသည်။ ထို့ပြင်လူနာများ၊ ဒုက္ခိတများ၊ ဆင်းရဲသားများတို့လည်းလာရောက် ငှားရမ်း၊ နေထိုင်နိုင်ကြောင်း သိရှိရသည်။

## အကျဉ်းထောင်များအားပြုပြင်ပြောင်းလဲရေးလုပ်မည်ဟု ဘုရင်မပြောကြား

အင်္ဂလန်နိုင်ငံရှိ အကျဉ်းထောင်ပြုပြင်ပြောင်းလဲရေးနှင့်စပ်လျဉ်း၍ ပါလီမန်၌ပြောကြားခဲ့သော ဒုတိယမြောက်အင်္ဂလန်ဘုရင်မ၏ မိန့်ခွန်းကို အင်္ဂလန်နှင့်ဝေးလ်ရှိကက်သလစ်ဆရာတော်များက ထောက်ခံကြောင်းပြောကြားခဲ့ပါသည်။ အင်္ဂလန်နှင့်ဝေးလ်နိုင်ငံတွင် အကျဉ်းသားများ၏ဝိညာဉ်ရေးကိစ္စများကို ဆောင်ရွက်ပေးသော ဘုန်းတော်ကြီးများ အကျဉ်းထောင်တိုင်း၌ အမှုတော်ထမ်းလျှက်ရှိနေသောကြောင့်အကျဉ်းသားများ၏ပြန်လည်ထူထောင်ရေးကိစ္စများကို ရှေ့ဆုံးမှ ထောက်ခံမည်ဖြစ်ပါသည်။ အဆိုပါပြုပြင်ပြောင်းလဲရေးမူဝါဒမှာ 'ကျွန်ုပ်၏အစိုးရသည် အကျဉ်းထောင်၏ ဥပဒေကိုပြုပြင်မည်။ တရားရုံး၌တရားခံဟုစွပ်စွဲခံရသူများသည် ဒုတိယတစ်ကြိမ် အယူခံဝင်ခွင့်ပေးမည်။ အကျဉ်းဦးစီးအနေဖြင့် အကျဉ်းသားတို့၏ နေထိုင်မှုပုံစံနှင့်ပညာရေးအတွက် လွတ်လပ်စွာစီမံခွင့်ပေးမည်။ အိုဟောင်း၍အသုံးပြုရန်မသင့်တော့သည့်အကျဉ်းထောင်များကို ပိတ်ပစ်မည်။ ပိုမိုကောင်းမွန်သောအကျဉ်းထောင်ကိုတည်ဆောက်မည်။ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို ပိုမိုအလေးထား လုပ်ဆောင်မည်။ အကျဉ်းထောင်ပညာရေးနှင့်စပ်ဆိုင်သောစာရင်းဇယား၊ ပြစ်မှုထပ်မံကျူးလွန်ခြင်း၊ အကျဉ်းသားများအား ခိုင်းစေခြင်းများကိုလည်း ထုတ်ပြန်ရမည်။ အကျဉ်းသားများသည်ပြစ်ဒဏ်ဆပ်ဖြေနေစဉ် ရုံးတက်ရက်များ၌ အစောင့်အကြပ်များအောက်၌မိမိတို့အိမ်တွင်နေထိုင်နိုင်သည့်အစီအစဉ်လည်းပါရှိသည်'ဟုပါသည်။ အင်္ဂလန်ဝန်ကြီးချုပ်အနေဖြင့်အဆိုပါ ပြုပြင်ပြောင်းလဲရေး မူဝါဒသည် လူငယ်ပြစ်မှု ကျူးလွန်သူများအတွက်မူ မဖြစ်နိုင်ဟု သုံးသပ်ပါသည်။ ထို့အတူ Green MP ကယ်ရိုရိုင်းလူကာ့စ်ကလည်း အကျဉ်းထောင် ပြုပြင်ပြောင်းလဲရေး မူဂါဒသည် လက်တွေ့မကျဘဲ ဘက်ဂျက်လျှော့ချရေးသို့ ဦးတည်ကာ နောက်ဆုံးတွင် မိမိဝမ်းမနိုင်ဘဲ ပဲစားမိသကဲ့သို့ဖြစ်နေမည်ဟုသုံးသပ်ပါသည်။ ဘုရင်မ၏ မိန့်ခွန်း သည်အစွန်းရောက်တို့၏ရန်ကိုမလိုလားဘဲ၊အတူယှဉ်တွဲနေထိုင်ရေးကိုလည်း ဦးတည်ပြောကြားခဲ့ပါသည်။

ဤအချက်နှင့်စပ်လျဉ်း၍ အင်္ဂလန်နှင့်ဝေးလ်ဆရာတော်ကြီးများ အဖွဲ့ချုပ်၏ ပြောရေးဆိုခွင့်ရှိသူက အစွန်းရောက်တို့၏ရန်ကို ကာကွယ်ရန် ဥပဒေတစ်ရပ်ကို ပါလီမန်ကအမျှော်အမြင်၊ သတိကြီးစွာဖြင့် ရေးဆွဲပြဌာန်းသင့်သည်ဟု မှတ်ချက်ပြုပါသည်။ အစွန်းရောက် မွတ်စလင်များအား တုန့်ပြန်သော ရည်ရွယ်ချက်ဖြင့် ကျောင်းများတွင် 'ဗြိတိန်တို့၏စံတန်ဖိုး' များကို တိုက်တွန်းသင်ကြားစေခြင်းသည် မိမိတို့၏ယုံကြည်ခြင်းကို ရိုးသားယုံကြည်သက်ဝင်သူများအတွက် ဘေးရှိနိုင်သကဲ့သို့၊ ကက်သလစ် ကျောင်းများအတွက်လည်း ဝန်ထုပ်ကြီးတစ်ခု ဖြစ်လာနိုင်ပါကြောင်း သုံးသပ်သွားပါသည်။

(ကိုပိုက်)

# သနားကြင်နာခြင်းဂျူဘီလီနှစ်တွင် ရဟန်းတော်များအတွက် အထူးဆုတောင်းပေးရန် ရဟန်းမင်းကြီးတောင်းဆို

ဇွန်လ(၁)၂၀၁၆နေ့ လူထုပရိသတ်ကြီးနှင့် တွေ့ဆုံခြင်း၌ ရဟန်းမင်းကြီးဖရန်စစ်သည်ရဟန်းတော်များအတွက် ဂျူဘီလီပွဲတော်ကိုကြေငြာထုတ်ပြန်လျက် ယုံကြည်သူဘုရားသား သမီးများအားလုံးကို မိမိတို့၏ ရဟန်းဘုန်းတော်ကြီးများအတွက်ဆုတောင်းပေးကြရန် ဖိတ်ခေါ်ခဲ့သည်။

ဗုဒ္ဓဟူးနေ့ လူထုပရိသတ်ကြီးနှင့်တွေ့ဆုံရာ၌ပုပ်ရဟန်းမင်းကြီးသည်ဇွန်လ (၃)ရက်နေ့သောကြာနေ့၊ အသင်းတော်ကြီးက သခင်ယေရှု၏ရွှေနှလုံးတော်ပွဲကြီးကို ကျင်းပကြသည့်နေ့တွင် ယခုနှစ်ကို ရဟန်းတော်များအတွက် ဂျူဘီလီနှစ်အဖြစ်ဖြည့်စွက်သတ်မှတ်ပေးခဲ့သည်။

***"ဇွန်လ၌ သင်တို့၏ရဟန်းတော်များအတွက် ယေရှု၏ရွှေနှလုံးတော်ထံ ဆုတောင်းပေးကြပါ"*** ဇွန်လတစ်လလုံးကို သင်တို့၏ ရဟန်းတော်များအတွက် အနီးကပ်ကူညီထောက်ပံ့ရန်နှင့် ကြင်နာမှုကိုပြသရန် သခင်ယေရှု၏ရွှေနှလုံးတော်ထံ၌ အထူးဆုတောင်းပေး ကြရန်သင်တို့အားလုံးကို ကျွန်ုပ်ဖိတ်ခေါ်တိုက်တွန်းပါသည်။ သို့မှသာလျှင် သူတို့သည် သနားခြင်း၊ ချစ်ခြင်းနှင့် ပြည့်နေသော ယေရှုရွှေနှလုံးတော်၏ ပုံရိပ်ကိုအမြဲသုံးသပ်ဆင်ခြင် နိုင်မှာဖြစ်ကြောင်းပြောကြားခဲ့သည်။

ယေရှု၏ ရွှေနှလုံးတော်ပွဲနေ့ကို Pope Pius IX က ၁၈၅၆ခုနှစ်မှ စတင်၍ ကျင်းပခဲ့ရာယခု၁၆၀ကြိမ်မြောက် နှစ်ပတ်လည်နှစ်တွင် ရဟန်းတော်များအတွက် ဂျူဘီလီကိုကျင်းပခဲ့သည်။

ရောမမြို့တွင် ထိုဂျူဘီလီကို ကျင်းပရန် ဗုဒ္ဓဟူးနေ့၌ ကမ္ဘာအနှံ့အပြားမှ ရဟန်းတော်များနှင့် ရဟန်းလောင်းများ သည် ရောက်ရှိနေကြပြီး သူတို့သည် ဂျူဘီလီ၏ ပထမနေ့များဖြစ်သည့် (၁-၃)ရက်များကို ဆုတောင်းခြင်း၊ မိမိကိုယ်ကို ပြန်လည်ဆင်ခြင်သုံးသပ်ခြင်းနှင့် ဂျူဘီလီဘုရားကျောင်းများဖြစ်သော S.Salvatore in Lauro, S. Maria in Vallicella (Chiera Nuova) and S. Giovanni Buffsta



Fiorentini)တို့တွင် ဘုရားဖူးခရီးများသွားခြင်းဖြင့်စတင်ခဲ့ကြသည်။ မှတ်တမ်းတစ်ခုထဲ၌ ဗာတီကန်ရုံးတော်မှ ထုတ်ပြန်ချက်အရ (၆၀၀၀)ခန့် ရှိသော ရဟန်းတော်များနှင့် ရဟန်းလောင်းတို့သည်ထိုဂျူဘီလီပွဲတော်အတွက် ယခုရောမမြို့တွင် ရောက်ရှိနေပြီးဖြစ်သည်။ ၎င်းနေ့များ၌ လုပ်ဆောင်မည့် အရာများသည်သူတို့အတွက် သမ္မာကျမ်းစာကို အတူတကွ ကမ္ဘာန်းရှုရန်နှင့်ဆင်ခြင်သုံးသပ်နိုင်ရန်ကိုယ်တော်မြတ်ကိုသဒ္ဒါကြည်ညိုနိုင်ရန်၊ ပြန်လည်ကျေအေးခြင်းနှင့် အာပတ်ဖြေခြင်းစက္ကရမင်တူးကိုခံယူနိုင်ရန်၊ St.Peter’s Basilica ၏ သန့်ရှင်းသော တံခါးတစ်လျှောက်ဖြတ်သန်းလျှက်ဘုရားဖူးခရီးတစ်ခု ပြုလုပ်နိုင်ရန် ပံ့ပိုးကူညီပေးပါလိမ့်မည်။ **ဗာတီကန်**

# ကမ္ဘာကြီးအားစောင့်ရှောက်ထိန်းသိမ်းရန်ဆက်ကပ်ကြသော (Jains)အသင်းအဖွဲ့ကို ကျေးဇူးတင်

ဇွန်လ (၁) ရက် (၂၀၁၆) ခုနှစ် (ဗုဒ္ဓဟူးနေ့)တွင် ပုပ်ရဟန်းမင်းကြီးဖရန်စစ်သည်(Jain)အသင်းအဖွဲ့၏"ကျွန်ုပ်တို့၏အမိကမ္ဘာကြီး" ကိုကာကွယ်ထိန်းသိမ်းရန်ဆက်ကပ်ခြင်းအတွက် ကျေးဇူးတင်စကားပြောကြားခဲ့သည်။ အပတ်စဉ်လူထုပရိတ်သတ်ကြီးနှင့်တွေ့ဆုံရန် ရဟန်းမင်းကြီးဖရန်စစ်သည် (st.Peter’s square) ထဲသို့ မကြွဝင်မီ (Jainology) အသင်း၏အဖွဲ့ဝင်များကို ဗာတီကန်ထဲ၌ သီးသန့်တွေ့ဆုံမှုပြုလုပ်ခဲ့ပါသည်။ ထိုတွေ့ဆုံမှုအတွက် မိမိ၏ ဝမ်းမြောက်မှုကိုလည်း ထုတ်ဖော်ခဲ့သည်။ (Jains) အသင်းအဖွဲ့၏ အဆိုဖြစ်သော"တွေ့ဆုံခြင်းရဲ့သဘောဟာဖန်ဆင်းခြင်းကိုဂရုစိုက်ထိန်းသိမ်းရန်ငါတို့၏တာဝန်ဖြစ်ခြင်း" နှင့်ထိုဖန်ဆင်းခြင်းကို "ငါတို့အားလုံးလက်ခံရရှိသော ဆုလက်ဆောင်" ဟုခေါ်ဆိုသည့်ဝေါဟာရများအပါ် ရဟန်းမင်းကြီးကထောက်ခံကြိုဆိုခဲ့သည်။

ထို့နောက်အရှင်သူမြတ်က "ဖန်ဆင်းခြင်းဟာဘုရားရဲ့ကြေးမုံ ပြင်ဖြစ်တယ်၊ ဖန်ဆင်းသူရဲ့ကြည့်မှန်ဖြစ်တယ်၊ သဘာဝတရားရဲ့ကြေးမုံပြင်တခုဖြစ်သလို ကျွန်ုပ်တို့အားလုံးကြည့်မှန်လည်းဖြစ်တယ်"ဟု မိန့်ကြားသွားခဲ့ပါသည်။

"ကျွန်ုပ်တို့အားလုံး မိခင်ကမ္ဘာကြီးကိုမြတ်နိုးကြတယ်။ ဘာကြောင့်လဲဆိုတော့သူမဟာ ငါတို့အားလုံးကိုအသက်နှင့်လုံခြုံမှုတွေပေးခဲ့လို့ပါပဲ။ ဒီကမ္ဘာကြီးကိုကျွန်ုပ်တို့၏ အစ်မလို့လည်းခေါ်ဆိုကြတယ်။ ငါတို့အသက်ရှင်သန်ခြင်းခရီးစဉ်တစ်လျှောက်မှာ ငါတို့နှင့်အတူအဖော်ပြုနေထိုင်ပေးလို့ပါပဲ။ ကျွန်ုပ်တို့ရဲ့တာဝန်ကကျွန်ုပ်တို့၏မိခင်(သို့) အစ်မဖြစ်သော ကမ္ဘာကြီးကိုအကြင်နာတရား၊ ငြိမ်းချမ်းခြင်းနှင့် ဂရုစိုက်ကြင်နာပေးဖို့ပဲဖြစ်ပါသည်" ဟုရဟန်းမင်းကြီးက ဆက်လက်မိန့်ကြားခဲ့ပါသည်။

ထို့နောက်အရှင်သူမြတ်က (Jains) အသင်းအဖွဲ့၏ ကမ္ဘာကြီးအတွက် လုပ်ဆောင်မည့် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် တခြားစီမံကိန်းများအတွက် ကျေးဇူးတင်ခဲ့သည်။ကမ္ဘာကြီးနှင့် လူထုတစ်ရပ်လုံးကိုကာကွယ်စောင့်ရှောက်ရန် နှင့်ကုသယုယပေးရန် ကျွန်ုပ်တို့သည် ထိုလုပ်ငန်းစီမံကိန်းများအတွင်း တစ်လုံးတစ်ဝတည်းရှိနေမှာဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

(Jainology) အသင်းအဖွဲ့ကို (၁၉၈၃) ခုနှစ်တွင် အတည်ပြုဖွဲ့စည်းခဲ့ပြီး ထို့နောက်တွင်ဂရုဏာရေးလုပ်ငန်းများကိုလုပ်ဆောင်သောအဖွဲ့အစည်းတစ်ခုအဖြစ် မှတ်တမ်းတင်ခြင်းခံရပါသည်။

သက်ရှိသတ္တဝါများ အားလုံးကို ကြင်နာခြင်းနှင့်အကြမ်းမဖက်ခြင်းသည်(Jai -n philosophy) ၏ အရေးကြီး၍အခြေခံကျသောနိယာမတစ်ခုပင်ဖြစ်ပါသည်။ ထိုအသင်းအဖွဲ့၏လုပ်ငန်းတာဝန်များမှာ အနုပညာ၊ ယဉ်ကျေးမှုနှင့် ပညာပေးခြင်းအားဖြင့်(Jain) အယူဝါဒကို ပြန့်နှံ့စေရန်ဖြစ်သည်။ **ဗာတီကန်ရေဒီယို**

# ပုပ်ရဟန်းမင်းကြီးကရဟန္တာအသစ်နှစ်ပါးတင်မြှောက်

ပုပ်ရဟန်းမင်းကြီးဖရန်စစ်သည် တနင်္ဂနွေနေ့မနက်မဏ္ဍာတရားကို St.Peter’s Square တွင်ကျင်းပပြီး၎င်း မဏ္ဍာတရားတွင်း၌ ရဟန္တာအသစ်များဖြစ်သော St.Stanislaus of Jesus and Marry Papczyn’ski နှင့် St. Marry Elizabeth Hesselbladတို့ကို ရဟန္တာအဖြစ်တင်မြှောက်ခဲ့သည်။ St.Stanislaus ကို (၁၆၃၁) ခုနှစ် ပိုလန်နိုင်ငံ Jan Papczyn’ski တွင်မွေးဖွားခဲ့ပြီး ဆေးကြောခြင်းကိုခံယူခဲ့သည်။ Piarist Congregation တွင်နေစဉ် ရဟန်းသိက္ခာခံယူခဲ့ပြီး Marians of the Immaculate Conception ဂိုဏ်းကိုတည်ထောင်သူလည်းဖြစ်သည်။ St.Mary Elizabeth Hesselblad သည်ဆွီဒင်နိုင်ငံတွင်မွေးဖွားခဲ့ပြီး Cathelic ခရစ်ယာန်ဘာသာဝင် ယုံကြည်ခြင်းသို့နောက်မှကူးပြောင်းလာသူ တစ်ဦးဖြစ်သည်။ ၂၀ ရာစု အစောပိုင်းတွင် St.Bridget အသင်းဂိုဏ်းကို ပြန်လည်တည်ထောင်ခဲ့သူလည်း ဖြစ်သည်။

ယုံကြည်သူသားသမီးပေါင်း(၄) သောင်းခန့်တက်ရောက်သော တနင်္ဂနွေနေ့မနက်မဏ္ဍာတရားတော်တွင် ပုပ်ရဟန်းမင်းကြီးဖရန်စစ်က မိမိ၏တရားတော်မြတ်၌ ၎င်းရဟန္တာနှစ်ပါး၏ စံပြယုံကြည်ခြင်း (အတုယူလိုက်ကျင့်ရန်ကောင်းသော ခိုင်မာသောခရစ္စတီယာန်ယုံကြည်ခြင်း) နှင့် အခက်အခဲများကြား တည်ကြည်စွာရင်ဆိုင်နိုင်ခဲ့သော သစ္စာတရားကို ကြည်ညိုလေးစားကချီးမွမ်းစကားများပြောကြားခဲ့သည်။ "ခရစ်တော်သခင်၏ ဒုက္ခခံခြင်းထဲ၌ ဘဝရဲ့နာကျင်ခြင်း၊ ဆင်းရဲဒုက္ခနှင့် ပူဆွေးဒုက္ခခံရချိန်များ၌ ဘုရားသခင်ရဲ့တုန့်ပြန်ခြင်းကို ရှာဖွေရမည်" ဟုရဟန်းမင်းကြီးက မိန့်ကြားခဲ့ပါသည်။ "ကျွန်ုပ်တို့သည် ဒုက္ခအခက်အခဲနှင့်ပြဿနာများကိုရှောင်လွှဲ၍ မရနိုင်ပါ။ သို့သော်အမိမယ်တော်ကဲ့သို့ ခရစ္စတူး၏ခြေရင်း၌ သစ္စာရှိရှိ ခိုလှုံရပါမည်"ဟု မိန့်ကြားခဲ့ပါသည်။ "ခရစ်တော်နှင့်အတူ ဒုက္ခခံခြင်း၌" အရှင်သူမြတ်က ဆက်လက် မိန့်ကြားသည်မှာ "သူမသည် မျှော်လင့်စရာအကြောင်းမရှိဘဲ ယုံကြည်၍ မျှော်လင့်လေ၏ (ရောမ ၄း၁၈)" ဟူ၍ဖြစ်သည်။ ထို့နောက် အရှင်သူမြတ်က St.Stanislaus of Jesus and Mary နှင့် St.Maria Elizabeth Hesselblad တို့၏ဘဝအတွေ့အကြုံများကိုဆက်လက်ဝေမျှခဲ့ရာ "သူတို့သည် ခရစ်တော်သခင်၏ ဒုက္ခခံခြင်းထဲ၌ သစ္စာရှိစွာပေါင်းစည်းခဲ့ကြသည်။ ထို့ကြောင့်ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးတော်သည် သူတို့အတွင်း၌ ပေါ်လွင်ထင်ရှားစေခဲ့လေပြီ" ဟုမိန့်ကြားတော်မူခဲ့ပါသည်။ **ဗာတီကန်ရေဒီယို**

# ကမ္ဘာတစ်လွှားကက်သလစ်သာသနာ၏သတင်းအတိုအထွာများ

## စက်ဘီးသမားများအင်ဒိုနီးရှားကက်သလစ်ဆရာတော်ထံမှကောင်းကြီးခံယူကြ (မေ ၂၀)

မေလ(၁၉)ရက် ကြာသာပတေးနေ့က Flores ကျွန်းတွင်ပထမဦးဆုံးအကြိမ် အပြည်ပြည်ဆိုင်ရာအားကစား အစီအစဉ်၌ပါဝင်သည့် ကမ္ဘာ့စက်ဘီးသမားများအား အင်ဒိုနီးရှားကက်သလစ်ဆရာတော် Fransiskus Kopong Kung က ကောင်းကြီးပေးခဲ့ပါသည်။ Flores ကျွန်းသည် ကက်သလစ်ဘာသာဝင်အများဆုံးရှိသော ကျွန်းတစ်ကျွန်းဖြစ်ပါသည်။ စက်ဘီးစီးမည့်လမ်းကြောင်းမှာ Flores အရှေ့ပိုင်း Larantuka မှ Maumere, Ende, Bajawa, Ruteng သို့ဦးတည်ကာ Flores အနောက်ပိုင်း Labuan Bajo မြို့၌ မေလ (၂၃) ရက်နေ့၊ ကီလိုမီတာ (၆၆၀) ရှည်သောလမ်းကြောင်းကိုပန်းဝင်ကာအဆုံးသတ်မည်ဖြစ်ပါသည်။ Flores မြို့၏အလှအပသည် ဘုရားသခင်၏ကျေးဇူးတော်ဖြစ်ကြောင်း၊ Larantuka သည်လည်း စိပ်ပုတီးသခင်မအားအပ်နှံထားသောမြို့တစ်မြို့ဖြစ်ကြောင်း၊ စိပ်ပုတီးသခင်မသည်သင်တို့၏လမ်းခရီးကို ဘေးမသီရန်မခစေရန် စောင့်ရှောက်မည်ဟုမျှော်လင့်ကြောင်း ဆရာတော် Kungက သတင်းဌာနကိုမိန့်ကြားခဲ့ပါသည်။ (ကိုပိုက်)

## ခရစ်ယာန်ဖြစ်၍အလုပ်ထုတ်

(မေ ၂၃)ရက်နေ့တွင် ပါကစ္စတန်နိုင်ငံ၊ Partab Nagar ရှိအမျိုးသမီးအထက်တန်းကျောင်း၌ ရေဖြည့်ပေးသည့်အလုပ်ကိုလုပ်နေသော Qaisar Jahan အား ကျောင်းအုပ်ကြီးက ခရစ်ယာန်ဖြစ်သောကြောင့် ၎င်းဖြည့်သောရေကို အဘယ်သူမျှ မသောက်လိုကြောင်းပြောကာ တရားဝင်ခန့်ထားသောအလုပ်ကိုရပ်နားစေပြီး အခြားအလုပ်တစ်ခုကိုလုပ်ခိုင်းခဲ့သည်။ အကြောင်းမဲ့သက်သက်ထိုသို့ပြုမှုသည်ကိုမခံနိုင်၍ ခိုင်းစေသည့်အလုပ်ကိုမလုပ်ဘဲ သက်ဆိုင်ရာသို့အကြောင်းစုံစာရေးတင်လိုက်သဖြင့် မကြာမီတွင် သူ၏လက်ရှိအလုပ်ကို ပြန်လည်လုပ်ကိုင်ခွင့်ရခဲ့သည်။ (ကိုပိုက်)

## မြောက်ကိုရီးယားဒုက္ခသည်များအား ဆိုးလ်ဂိုဏ်းချုပ်ဆရာတော်ကြီးကူညီ

၂၀၁၆ မေလ (၂၅) ရက်တွင် ဆရာတော်ကြီးသည်မြောက်ကိုရီးယားဒုက္ခသည်များ တောင်ကိုရီးယားမှ လူများနှင့် ပေါင်းစည်းလာစေရေးကို ရှေးရှုပြီး "good parents school" ကျောင်းတစ်ကျောင်းကို ဖွင့်လှစ်ပေးသည်ဟုသိရသည်။ ဂိုဏ်းချုပ်ကော်မတီအဖွဲ့မှ ဦးဆောင်ပြီး ကိုရီးယားလူမျိုးများ ပြန်လည်သင့်မြတ်လာစေရန်အတွက်ရည်ရွယ်ပြီး မြောက်ကိုရီးယားမှ ဒုက္ခသည်(၁၅)ဦးကို ကျောင်းတော်တွင်လက်ခံကူညီပေးခြင်းဖြင့် တောင်ကိုရီးယားအဖွဲ့၏အခန်းကဏ္ဍကို ပိုမိုနားလည်လာစေပြီးမိမိ၏တန်ဖိုး၊ မိမိ၏ဂုဏ်သိက္ခာတို့ကိုပိုမိုသိရှိလာစေရန်ဖြစ်သည်။ တောင်ကိုရီးယားမှမိဘ(၅)ဦးကိုလည်း ထိုကျောင်းတွင်ပါဝင်လုပ်ကိုင်ခွင့်ပေးခြင်းဖြင့် နှစ်နိုင်ငံပူးပေါင်းပါဝင်လုပ်ဆောင်ရာတွင်တစ်ဦးပေါ်တစ်ဦးနားလည်မှုပိုမိုရရှိလာစေရန်ဖြစ်သည်။

ကျောင်းတွင် အယူအဆဆိုင်ရာ (theoretical) အတန်းများ သင်ကြားပေးလျှက်ရှိသည်။ ရည်ရွယ်ချက်မှာ နှစ်နိုင်ငံလုံး၏ ပညာရေးစနစ်ကွာခြားမှုကို ကြည့်မြင်တတ်လာစေရန်ဖြစ်သည်။ ထို့အပြင် အချို့သောဘာသာရပ်များသည် မိမိနှင့် မိသားစုဝင်များ၏ စိတ်နေသဘောထားကို ၎င်း၊ မိဘများတို့သည်လည်း မိမိ၏သား/သမီးများကို အကောင်းဆုံးမည်သို့မည်ပုံ ဆက်ဆံသည်ကို သိလာနိုင်ရန်ကို၎င်း မီးမောင်းထိုးပြရန်ဖြစ်သည်။ ထို့ပြင်အလျဉ်းသင့်လျှင် သင့်သလို ကျောင်းသားများနှင့် သင့်လျော်သော ဘာသာရပ်များကိုလည်း ပြဋ္ဌာန်းထားပါသည်ဟုသိရသည်။

ရည်ရွယ်ချက်မှာ ကျောင်းသားများသည်မိမိတန်ဖိုး၊ မိမိအမှုအကျင့်များကို အကောင်းဘက်မှ ရှုမြင်တတ်လာစေရန်တို့ဖြစ်သည်။ အင်္ဂလိပ်ဘာသာရပ်သည် ကျောင်းတက်စ ကလေးများအတွက်ပြဋ္ဌာန်းထားပါသည်။ သင်ခန်းစာများကိုလ၏ဒုတိယပတ်နှင့် စတုတ္ထပတ်တို့တွင်သင်ကြားပေးလေ့ရှိသည်။နွေရာသီအပျော်ခရီးထွက်ခြင်းနှင့် လေ့လာရေးခရီးထွက်ခြင်းတို့ကိုလည်းစီစဉ်ပေးပါသည်။ လွန်ခဲ့သော (၁၉၉၄-၉၈ ခုနှစ်) မြောက်ကိုရီးယား၌ ကပ်ဆိုက်ရောက်မှုနှင့်တွေ့ကြုံခဲ့စဉ်ကပင် သုံးသောင်းခန့်သော ဒုက္ခသည်များသည် မိမိ၏နိုင်ငံကို စွန့်ခွာပြီး တောင်ကိုရီးယားအစိုးရ၏ခွင့်ပြုချက်အရ ဆိုးလ်မြို့သို့လာရောက်မီတင်းနေထိုင်ခဲ့ကြသည်။

မြောက်ကိုရီးယားလူမျိုးများသည် မိမိဇာတိမြေ၏ ကွန်မြူနစ်အုပ်ချုပ်မှုလက်အောက်မှထွက်ပြေးတိမ်းရှောင်ပြီး ဆိုးလ်မြို့၏ အစွန်းတစ်နေရာတွင် တည်ရှိသော Hanawon တွင် အနည်းဆုံး (၃) လခန့်နေထိုင်ရသည်။ ကက်သလစ် အသင်းတော်၊ ဗုဒ္ဓနှင့် အခြားသောခရစ်ယာန်အသင်းများတို့သည် ၎င်းနေရာတွင်လိုအပ်သောစားနပ်ရိက္ခာများတို့ကိုလည်း ပံ့မှန်လာရောက်ပေးလှူလျှက်ရှိသည်။ မြောက်ကိုရီးယားတွင်ခရစ်ယာန်စုစုပေါင်း သုံးသိန်းခန့်ရှိပြီး ခြောက်သောင်းလောက်သည် မိမိ၏ယုံကြည်ခြင်းကြောင့် အကျဉ်းချခံနေရသည်ဟု Open Doors မှ ထုတ်ပြန်သော သတင်းမှ သိရှိရသည်။ (cbcm-osc )

## ကမ်းခြေအခြေအနေသစ်ကိုဆန့်ကျင်သည့် မဏ္ဍားတရားတော်သို့ အင်ဒိုနီးရှား ဘာသာတူထောင်ပေါင်းများစွာတက်ရောက်

အရှေ့အင်ဒိုနီးရှားရှိ Nusa Tenggara နယ်ပိုမိုတိုးတက်စေရန် လုပကောင်းမွန်သည်ဟု အများကယူဆကြသောဒေသနယ်မြေများ၌အဆောက်အဦးများကို ဆောက်လုပ်ခွင့်မပြုရန် အာဏာပိုင်များအားအလေးအနက်တိုက်တွန်းရေးအတွက် မဏ္ဍားပူဇော်ခြင်းကို ဇွန်လ (၁)၂၀၁၆နေ့က ကျင်းပခဲ့ရာ မဏ္ဍားတရားတော်သို့ကက်သလစ်ဘာသာတူပေါင်းအနည်းဆုံး(၂၀၀၀)ခန့်တက်ရောက်ခဲ့သည်။

မေလ(၁၁)ရက်နေ့တွင်ပြုလုပ်ခဲ့သော မဏ္ဍားတရားတော်သည်လည်း အနောက် Manggarai ခရိုင်၊ Labuca Bajo အနီးရှိ Pede ကမ်းခြေ၏ အကျယ်အဝန်းဧရိယာ စတုရန်းမီတာ၄.၂ သောင်းခန့်ကို ဟိုတယ်များတည်ဆောက်ရန်ရင်းနှီးမြုပ်နှံသော ကုမ္ပဏီ၏စီမံကိန်းကိုဆန့်ကျင်ရန် ပြုလုပ်သောမဏ္ဍားဖြစ်သည်။

နယ်ခံအစိုးရကထိုနယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ထိုဒေသအတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြင့်တင်နိုင်ရန် တရားဝင်ခိုင်မာစွာခွင့်ပြုခဲ့သည်။ "လူငယ်များစွာဟာ ဘုရားရဲ့ချစ်ခြင်းမေတ္တာကိုခံစားလိုကြပြီး Pede ကမ်းခြေကို စိတ်ဝင်စားနေကြပါတယ်၊ ဒါကြောင့် ဒီကမ်းခြေကိုကာကွယ်ပါ" ဟု Retung ၏ဆရာတော် Hubertus leteng ကမဏ္ဍားအတွင်း သူ၏ဩဝါဒ၌ ပြောကြားခဲ့သည်။ "Pede ကမ်းခြေဟာ ကွဲပြားသော နောက်ခံအမျိုးမျိုး လူအားလုံးအတွက် တကယ်ဘဲ သာယာစိုပြေသည့် နေရာတစ်ခုဖြစ်တယ် ဒီနေရာက သူဌေးတွေအတွက်ဘဲမဟုတ်ရပါဘူး၊ ဒါကြောင့်အတူတကွစည်းလုံးညီညွတ်ခြင်းအတွက် ဒီကမ်းခြေကို ကယ်တင်ကြပါစို့" ဟုလည်းပြောကြားသွားခဲ့ပါသည်။ ဆရာတော်ကြီးသည် ထိုခရိုင်အတွင်းရှိ တိုက်နယ်များတွင်အစေခံနေကြသောဘုန်းတော်ကြီးများကို ကက်သလစ်ခရစ်ယာန်များအားလုံးထိုနေရာဒေသ၏လုပကောင်းမြတ်ခြင်းကို ခံစားနိုင်ရန် လာရောက်လည်ပတ်နိုင်ရန် ခေါ်ဆောင်ပေးဖို့အလိုရှိကြောင်း ပြောခဲ့သည်။ ထို့နောက်ဆရာတော်က "ထိုကမ်းခြေ၌ ဟိုတယ်များတည်ဆောက်ခြင်း" စီမံကိန်းကို ဆန့်ကျင်ရန် ဆက်လက်လုပ်ဆောင် ဦးမည်ဟု ဂတိပေးခဲ့သည်။ "ထိုကိစ္စတွင် ဦးဆောင်ပေးရန် ကျွန်ုပ်အမြဲတမ်းအသင့်ရှိနေပါမည်"ဟူ၍ ပြောကြားသွားခဲ့သည်။





# အိန္ဒိယနိုင်ငံဆရာတော်တစ်ပါး ကျောက်ကပ်လှူဒါန်းခြင်း

အိန္ဒိယနိုင်ငံဆရာတော်တစ်ပါးသည်၊ ဟိန္ဒူဘာသာဝင်တစ်ဦး၏အသက်ကိုကယ်ရန် သူ၏ကျောက်ကပ်လှူဒါန်းခဲ့ပါသည်။ ထိုဆရာတော်သည် စီရိုမာလာဘာဝိနည်းကို ကျင့်သုံးသောကက်သလစ်ဆရာတော်တစ်ပါးဖြစ်သည်။ အိန္ဒိယနိုင်ငံတွင်ရှိမ (လာတင်း) ဝိနည်းအပြင်၊ အခြားသော ဝိနည်းကိုကျင့်သုံးသောကက်သလစ်များလည်းရှိပါသည်။ ကျောက်ကပ်လှူဒါန်းပေးမည့်ဆရာတော်သည်အိန္ဒိယနိုင်ငံ၊ ကဲရာလာပြည်နယ်မှ သက်တော်မှာ (၅၂)နှစ် ရှိဆရာတော် Jacob Muricken ဖြစ်ပါသည်။ ကျောက်ကပ်ကိုလိုအပ်နေသူမှာအသက် (၃၀) နှစ်ရှိ Sooraj Sudhakaran ဖြစ်ပါသည်။ သူသည် Kottakkal မှ မိသားစု၏ အိမ်ထောင်ဦးစီးတစ်ယောက်ဖြစ်ပါသည်။ သူသည်ဇာတ်နိမ့်အမျိုးမှဖြစ်၍ ကျောက်ကပ်ရောဂါကြောင့်အလုပ်ထုတ်ခံလိုက်ရပြီး၊ ကျောက်ကပ်ကုရန်အတွက် ပိုင်ဆိုင်သောအိမ်ကိုလည်းရောင်းခဲ့ရပါသည်။ ရောဂါကိုခံစားနေခဲ့ရသည်မှာနှစ်နှစ်ခန့်ကျော်လာပြီးဖြစ်ပါသည်။ သူ၏အသက်ကိုကယ်တင်လိုက်နိုင်ခြင်းဖြင့်၊ သူ့အားမှီခိုနေရသော မိသားစုတစ်စုလုံးကိုကယ်တင်ရာရောက်သည်ဟု ကျောက်ကပ်လှူဒါန်းမည့် ဆရာတော်က မိန့်ကြားခဲ့ပါသည်။ ဆရာတော်သည်ကျောက်ကပ်ကိုသာလှူဒါန်းခြင်းမဟုတ်ဘဲ ခွဲစိပ်ကုသမှုတွင်ကုန်ကျသောစရိတ်အားလုံးကိုပေးဆောင်ပေးမည်ဖြစ်ပါသည်။ ဆရာတော်အနေဖြင့် ဤသို့လှူဒါန်းပေးနိုင်ခြင်းအတွက်ကျေနပ်လျှက်ရှိပြီး၊ ပုံမှန်အနေအထားပြန်ရောက်လာသောအခါ၊ ဆက်လက်၍ ကျန်းမာစွာဖြင့်ဘုရားအမှုတော်ကိုထမ်းဆောင်နိုင်ရန်၊ ခရစ္စတူးသခင်အား အမှန်တကယ်သက်သေခံနိုင်ရန်အတွက်ဆုတောင်းပေးရန် ဘာသာတူများအား တောင်းဆိုခဲ့ပါသည်။ ဆရာတော်၏ကိုယ်ကျိုးမငဲ့လှူဒါန်းခြင်းကြောင့် ရဟန်း(၁၅)ပါး၊ သီလရှင်(၆)ပါးတို့ကလည်းမိမိတို့၏ကျောက်ကပ်များကို ကုသရန်ငွေကြေး အခက်ခဲရှိပြီးအမှန်တကယ်လိုအပ်နေသူများကိုလှူဒါန်းပေးရန်စီစဉ်ထားကြပါသည်။ မည်သို့ဖြစ်စေ အိန္ဒိယနိုင်ငံ၊ ကဲရာလာပြည်နယ်၊ ပါလိုင်းသာသနာအနေဖြင့် ဘုရားသခင်၏သနားခြင်းထူးခြားဂျူဘီလီနှစ်ကို ထူးခြားစွာနှင့်အနှစ်သာရရှိစွာကျင်းပခဲ့ပါသည်။ ဆရာတော်၏ယခုကဲ့သို့ကိုယ်ကျိုးစွန့်လှူဒါန်းပေးခြင်းသည် နယ်ပယ်အသီးသီးမှခေါင်းဆောင်များအတွက် စံပြုထိုက်သောလုပ်ရပ်ဖြစ်ကြောင်းသိရှိရပါသည်။ (ကိုပိုက်)

# သစ္စာသုံးပါးခံသီလရှင်အသင်းတည်ထောင်ခြင်းဆိုင်ရာဥပဒေသ

(မေ၂၃)ရက်နေ့တွင် သာသနာပိုင်ဆရာတော်များအနေဖြင့် မိမိတို့၏သာသနာအတွင်း၌ သစ္စာသုံးပါးခံသီလရှင်အသင်းကိုတည်ထောင်လိုပါက ဗာတီကန်နှင့် ညှိနှိုင်းရမည်ဖြစ်ကြောင်း၊ ဤသို့ဖွဲ့စည်းရခြင်းသည်သာသနာ၏ အမှန်တကယ်လိုအပ်ချက်ကို ဖြည့်ဆည်းရန်အချက်သည်ပေါ်လွင်နေရမည်ဖြစ်ကြောင်း ဥပဒေကို ပြီးခဲ့သောဧပြီလ (၄)ရက်နေ့၌ ရဟန်းမင်းကြီးဖရန်စစ်သည်အတည်ပြုခဲ့ကာ မေလ (၂၀) တွင် ဗာတီကန်ရုံးတော်မှ ထုတ်ဝေဖြန့်ချီခဲ့ပါသည်။ သာသနာ၏ ကာနွန်ဥပဒေ၌ သာသနာပိုင်ဆရာတော်များသည် သာသနာအတွင်းသစ္စာသုံးပါးခံသီလရှင်များ၏လိုအပ်ချက်အပေါ်မူတည်၍ သာသနာပိုင်သစ္စာသုံးပါခံသီလရှင်အသင်းကိုတည်ဆောက်နိုင်ကြောင်းသိရှိရပါသည်။ အကယ်၍ဗာတီကန်ရုံးတော်သို့ အသိပေးခြင်းမရှိပါလျှင် တရားဝင်တည်ထောင်ခွင့်မရှိဟု ထုတ်ပြန်ကြေငြာခဲ့ပါသည်။ (ကိုပိုက်)

# ဒုက္ခသည်စခန်း၌အဖြူရောင်လွှမ်းခဲ့သောအမှတ်တရ

(မေလ ၂၇)ရက် သောကြာနေ့ ၌ Erbil ဒုက္ခသည်စခန်းမှ အီရတ်ကက်သလစ်ဘာသာဝင်ကလေးများသည် ပထမကိုယ်တော်မြတ်ကိုပင့်ယူခဲ့ကြပါသည်။ ၄င်းတို့သည်သုံးဖွဲ့ရှိသည့်အနက် ပထမအဖွဲ့ ဦးရေမှာ (၁၇၅) ဦးရှိခဲ့ပါသည်။ ဒုတိယအဖွဲ့မှာဦးရေ (၄၇၀) ရှိပြီး သောကြာနေ့ (ဇွန် ၃) တွင်ခံယူခဲ့ကြသည်။ တတိယအဖွဲ့မှာမူဇွန်လ (၁၀) ရက်နေ့တွင်ခံယူခဲ့ကြပြီး ပထမကိုယ်တော်မြတ် ခံယူသည့် ကလေးအရေအတွက်မှာ (၁၅၀)ဦးဖြစ်ပါသည်။ ဒုက္ခသည်စခန်း၌ ခိုလှုံနေသူ ပေါင်း (၅၅၀၀)ဦးရှိရာ၊ (၂၀၀၀) ကျော်မှာကလေးသူငယ်များဖြစ်ပါသည်။ ယမန်နှစ်မှစ၍ ယနေ့အထိပထမကိုယ်တော်မြတ်ကို ဒုက္ခသည်စခန်း၌နေထိုင်ရင်း ခံယူခဲ့သောဦးရေမှာ (၄၀၀) ခန့် ရှိပြီဖြစ်ကြောင်း CNA/EWTN သတင်းဌာနမှသိရှိရပါသည်။ (ကိုပိုက်)

# အကျဉ်းထောင်များတွင်အမှုထမ်းနေသောဘုန်းတော်ကြီးများထံ ရဟန်းမင်းကြီးဖရန်စစ်သတင်းစကားပေးပို့

ဇွန်လ ၁ရက်၂၀၁၆ ခုနှစ်တွင် ရဟန်းမင်းကြီးဖရန်စစ်သည် Strasboury တွင် အကျဉ်းထောင်များ၌ မှန်ကန်တိကျခြင်းရှိရန် ၎င်းနေရာများ၌ အမှုထမ်းကြရသော ဘုန်းတော်ကြီးများ၏ ဥရောပဆိုင်ရာအစည်းအဝေးတစ်ခု၌ တက်ရောက်ပါဝင်သူများ ထံသို့သတင်းစကားပါးခဲ့ပါသည်။

ဗာတီကန်အတွင်းရေးမှူး Cardinal Pietro Perolin အားဖြင့်ပေးပို့သော သတင်းစကားထဲတွင် ရဟန်းမင်းကြီးက အကျင်းထောင်အသီးသီးတွင် အစေခံနေကြသောသူများအားလုံးကို သူ၏တည်ကြည်သောဆုတောင်းခြင်းနှင့် ထောင်ကျနေသော လူများ၏ လူ့ဂုဏ်သိက္ခာ မြင့်တင်ရေး သူတို့၏ ကြိုးပမ်းခြင်းများအတွက် အလေးအနက် ကျေးဇူးတင်ခြင်းဖြင့် ယုံကြည်စိတ်ချစွာ နှုတ်ခွန်းဆက်သပါ၏” ဟူ၍ဖြစ်သည်။ သတင်းစကားအပြည့်အစုံမှာ-

ဥရောပကောင်စီ၏ ဦးဆောင်မှုဖြင့် မေလ (၃၀)မှ ဇွန်လ (၁) ရက် ၂၀၁၆ ထိ “Radicalisation in prisons a Pastrol view” ခေါင်းစဉ်ဖြင့် ထောင်တွင် အမှုထမ်းအစေခံနေကြသော ဘုန်းတော်ကြီးများ၏ ဥရောပဆိုင်ရာ အစည်းအဝေးကို လေ့လာစောင့်ကြည့်ရန် ရဟန်းမင်းကြီးဖရန်စစ်သည် အလွန်စိတ်အားထက်သန်ခဲ့သည်။ ဥရောပဆရာတော်ကြီးများ မျက်နှာစုံညီတွေ့ဆုံရေးကောင်စီ၏ အားပေးထောက်ခံမှု၊ အပြည်ပြည်ဆိုင်ရာကက်သလစ် အကျဉ်းထောင်ရေးရာတမန်တော်လုပ်ငန်းနှင့် ဗာတီကန်ရုံးတော်၏ တရားဝင်လုပ်ဆောင်မှုဖြစ်သော ထိုအရေးကြီးသည့်ဖြစ်စဉ်များကို အသိအမှတ်ပြုရန် ရဟန်းမင်းကြီးသည် ထိုအစည်းအဝေးသို့ ပါဝင်တက်ရောက်သူများအားလုံးကို အထူးနှုတ်ခွန်းဆက်သခြင်းပေးပို့ခဲ့ပါသည်။

အထူးသဖြင့် အကျဉ်းထောင်များ တွင်အစေခံနေကြသောသူများအားလုံးကို သူ၏တည်ကြည်သော ဆုတောင်းခြင်းနှင့် ထောင်ကျနေသော သူများအားလုံး၏လူ့ဂုဏ်သိက္ခာမြင့်တင်ရေးတွင် သူတို့၏ကြိုးပမ်းခြင်းများအတွက် အလေးအနက်ကျေးဇူးတင်ခြင်းဖြင့် ယုံကြည်စိတ်ချစွာ နှုတ်ခွန်းဆက်သပါ၏” ဟူ၍ဖြစ်သည်။ ထို့အတူ ပုပ်ဖရန်စစ်က အကျဉ်းထောင်များ၌အစေခံနေကြသော ဘုန်းတော်ကြီးများကိုလည်း ယခုနှစ် ဘုရားသခင်၏ မဟာသနားခြင်းကရုဏာ ထူးခြားဂျူဘီလီနှစ်ကို ထောင်သားများအတွက် အကျိုးရှိအောင်မြင်စွာကျင်းပနိုင်ရန် ကူညီခြင်းအတွက် ကျေးဇူးတင်ကြောင်းကိုလည်းရေးသားထားခဲ့သည်။ သူတို့၏ အတွေးအခေါ်နှင့် ဆုတောင်းခြင်းများကို ဘုရားဆီရောက်အောင် ပို့ဆောင်လမ်းပြနိုင်ခဲ့သည့်အတွက် သူတို့သည်မိမိတို့၏ ခန်းဝင်ပေါက်ကို ဖြတ်သန်းသွားသည့်အခါတိုင်း ထိုတံခါးကို သန့်ရှင်းသောတံခါးကြီး၏ အမှတ်လက္ခဏာတစ်ခုအဖြစ် ခံစားနိုင်ပါစေ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ သနားခြင်းသည် နှလုံးသားများကို ပြောင်းလဲစေနိုင်ပါသည်။ ၎င်းအပြင် အတားအဆီးများကိုလည်း လွတ်လပ်ခြင်းအတွေ့အကြုံအဖြစ်သို့ ပြောင်းလဲနိုင်စွမ်းရှိပါသည်” ဟူ၍ဖြစ်သည်။

ထိုသတင်းအရ အပြစ်လွတ်ခြင်း (Indulgence )ကို ဘုရားသခင်၏ မဟာသနားခြင်း ကရုဏာထူးခြားဂျူဘီလီအဖွင့်နေ့ဖြစ်သော စက်တင်ဘာလ (၁)ရက်နေ့ ၂၀၁၅ ခုနှစ်တွင်ပေးခဲ့ကြောင်းသိရသည်။ ၎င်းအကြောင်းအရာများနှင့်အတူ ရဟန်းမင်းကြီးဖရန်စစ်က သင်တို့အားလုံး ဘုရားရှင်၏ ကောင်းကြီးတော်များ၊ ငြိမ်းချမ်းခြင်းနှင့် ဝမ်းမြောက်ခြင်းများ ခံစားရပါစေကြောင်း လေးနက်စွာ ကောင်းကြီးပေး ဆုတောင်းပေးခဲ့ပါသည်။ (ဗာတီကန် ရေဒီယို)

# ရဟန်းတော်များ၏ ဂျူဘီလီနေ့တွင်မြွက်ကြားခဲ့သောဩဝါဒများ

## “သနားကြင်နာခြင်းသည် မိမိကိုယ်တိုင် နှင့် ကမ္ဘာကြီး ငြိမ်းချမ်းခြင်းအတွက် လမ်းညွှန်ဖြစ်သည်”

မေ(၃၁)မှ ဇွန်(၂) ရက်နေ့ထိ စိန်မေရီတွင် ပြုလုပ်ခဲ့ သောရဟန်းတို့၏ ဂျူဘီလီတွင် ကာဒီနယ်ချားလ်(စ်)ဘို ဩဝါဒမြွက်ကြားရာတွင်“သနားကြင်နာခြင်းနှစ်မှာမကောင်းတဲ့ကိုယ်ကျင့်တရား၊ စိတ်ဓါတ်၊ အတွေးအခေါ်တွေပြောင်းလဲရမည်”ဟု ပြောကြားသွားခဲ့သည်။ “သနားကြင်နာခြင်းနှစ်သည် ကိုယ်ကျင့်တရားတွေကို တော်လှန်ရမယ့်နှစ်ဖြစ်တယ်။ ဒါကိုတော်လှန်တဲ့ခေါင်းဆောင်ကြီးဟာ သခင်ခရစ်တော်ပဲဖြစ်တယ်။ ကျွန်ုပ်တို့တတွေ သူ့ရဲ့တပည့်တော်တွေလို စည်းလုံးပြီး သနားခြင်းကရုဏာ၏ တော်လှန်ရေးမီးကို ကိုင်ဆောင်ရန်လိုအပ်တယ်။ Cain က ညီအစ်ကိုရင်း ဖြစ်သူ Abel ကို မနာလိုတဲ့စိတ်၊ မုန်းတီးတဲ့စိတ်နှင့်သတ်ခဲ့တယ်။ ဒါကြောင့် ကျွန်ုပ်တို့တတွေဟာမုန်းဖို့မွေးဖွားလာကြသလား....

ကျွန်ုပ်တို့နိုင်ငံဟာ လူမျိုးရေးမုန်းတီးမှုတွေထောင်နဲ့ချီပြီးရှိတယ်။သခင်ယေဇူးက “အဖခမည်းတော်သည်သနားကြင်နာခြင်းနှင့်ပြည့်စုံသကဲ့သို့ သင်သည်လည်းသနားကြင်နာခြင်းနှင့် ပြည့်စုံပါ။သင့်ကိုညှင်းပန်းနှိပ်စက်သောသူနှင့် သင့်ကိုမုန်းသောသူအတွက်ဆုတောင်းပေးပါ။ ခုနစ်ဆယ့်ခုနစ်လီတိုင် ခွင့်လွှတ်ပါ။” ဟုမိန့်ကြားခဲ့တယ်။

ပုပ်ရဟန်းမင်းကြီးက ရဟန်းတွေဟာ တစ်ပါးသူကို ခွင့်လွှတ်ဖို့ ခေါ်ခြင်းခံရကြတာပါ။ တစ်ပါးသူကိုမစီရင်နဲ့ သင်တိုင်းတာတဲ့အတိုင်းသင်ပြန်ရရှိမယ်၊ အပြောအားဖြင့်ဖြစ်စေ၊ အပြုအမူအားဖြင့်ဖြစ်စေ သတင်းကောင်းပေးသောသူဖြစ်စေလိုတယ်၊ အားနည်းချက်ကိုဗဟိုမပြုပဲ အချင်းချင်းရိုသေ၊ အချင်းချင်းသနား၊ အချင်းချင်းခွင့်လွှတ်ရမယ်၊ ရဟန်းဆိုတာ ကုသသူလည်းဖြစ်တယ်အပြောအဆိုတွေ ကုသရမယ်၊ အထူးသဖြင့် ဒေါသများ၊ ထင်မြင်ချက်များ၊ လက်စားချေခြင်းများ၊ ဝမ်းနည်းခြင်းများကို ကုသရန်လို အပ်တယ်။ ဘာကြောင့်လဲဆိုတော့ ရဟန်းတွေက သနားခြင်းကရုဏာရဲ့သမ္မာ ကျမ်းစာ ဖြစ်တယ်။ အချင်းချင်း တွေ့ဆုံကြတဲ့အခါမှာ ခရစ်တော်နှင့် တွေ့ဆုံရသလိုခံစားရမယ်။ ပုပ်ရဟန်းမင်းကြီး ပြောခဲ့တဲ့အတိုင်းသနားကရုဏာခြင်းနှစ်မှာ ဆင်းရဲသူ/သားတွေကို ကူညီထောက်ပံ့ရမယ်။ ဖျားနာသူများကို သွားရောက်ကြည့်ရှုရမယ်။ သူတို့တွေကို လေးစားရမယ်။ သူတို့ခံစားချက် တွေကိုနားလည်ပေးရမယ်။ ကျွန်ုပ်တို့တွေလည်း ဒီလိုဘဲပြုလုပ်ရမယ်”ဟု ဆရာတော်မှ ထပ်မံပြောကြားခဲ့တယ်။



လက်ရှိကျွန်တော်တို့ မြန်မာပြည်ဟာ သနားခြင်းပြဖို့နည်းလမ်း ထောင်ကျော်ရှိတယ်။ဆင်းရဲသား၊သူတောင်းစား၊ လူနာ၊ အိုးမဲ့အိမ်မဲ့သူ၊ လူကုန်ကူး၊ အနာဂတ်မဲ့လူငယ်များတို့နှင့်ပြည့်နေတဲ့နိုင်ငံတစ်နိုင်ငံဖြစ်တယ်။ သူတို့တွေနှင့် ရှိနေပေးပါ၊ ရပ်တည်ပေးပါ။ ပုပ်ရဟန်းမင်းကြီးကမေးတယ် (ဝိုတတ်လား)၊ ဆရာတော်အနေနှင့်လည်း ရဟန်းတွေကိုမေးချင်တယ် ဝိုတတ်လား မိသားစုတွေအနေနဲ့ပြောချင်တာက မိသားစုမှာသနားခြင်း တည်ဆောက်ပါ။ ဒီလိုမိသားစုတည်ဆောက်နိုင်ရင်အင်မတန်မှကောင်းမွန်တယ်။ မိသားစုတွေထဲမှာ သနားခြင်း တည်ဆောက်ဖို့ အင်မတန်မှလိုအပ်တာမို့ သန့်ရှင်းသောမိသားစု ဖြစ်ရန်အတွက် အမြဲတွေးပါ၊အမြဲကြိုးစားပါ၊ ငွေကြေးဓနမချမ်းသာရင်နေပါစေ၊ သနားကရုဏာခြင်းနဲ့ ချမ်းသာကြပါ၊ ပြီးတော့ တစ်ပါးသူကိုဝေမျှပါ၊ ဒီနှစ်ဟာ အခွင့်အရေးနှစ်ပဲ။ စိတ်ဓါတ်၊သဘောထားတွေကို ပြုပြင်ရင်း အတ္တမာနတကိုယ်ကောင်းဆန်ခြင်းတွေကို စွန့်လွှတ်ကြစို့။ ဘုရားသခင်ဟာ လူတိုင်းကို အဆတစ်ရာသောကျေးဇူးတွေကို ပေးဖို့ရန် စောင့်ကြိုနေပါတယ်” ဟုမိန့်ကြားခဲ့ပါသည်။

## ရဟန်းတို့၏ အသက်တာရှင်သန်ခြင်း

(ဆရာတော်ဂျွန်စောယောဟန်)

ပုပ်ရဟန်းမင်းကြီးက ဘုန်းတော်ကြီးတွေကိုပြောကြားခဲ့တဲ့စကားနဲ့ပြန်လည်ဝေငှရမယ်ဆိုရင်... ပထမအချက် အနေနဲ့ သတိတရဖြစ်ရမဲ့ အရာတွေကိုသတိရပါ။ ဒုတိယအချက်ကတော့ အမှတ်တရ ရရှိထားတဲ့ဘဝမှာအရာရာကိုသစ္စာရှိပါ။ တတိယတစ်ခုကတော့ဆုတောင်းခြင်းဟာ မဖြစ်မနေလိုအပ်ကြောင်းပြောကြားခဲ့ပါတယ်။

မေ့လျော့တတ်ခြင်းဟာ သတိရခြင်းအတွက် ကြီးမားတဲ့ရန်သူဖြစ်တယ်။ ဒါပေမဲ့ အဆိုးဝါးဆုံး အန္တရာယ်ဖြစ်တဲ့ ရန်သူကတပည့်တော်တို့ ဘဝမှာရရှိခဲ့တဲ့အရာအားလုံးကိုနမော်နမဲ့လစ်လျူရှုပြီး တန်ဖိုးမထားတဲ့အချိန်မှာ ပိုပြီးတော့ အန္တရာယ်ရှိစေတယ်။ ကျွန်ုပ်တို့ရဲ့ နောက်ကြောင်းကိုပြန်လည်ကြည့်လိုက်တဲ့အခါမှာ ခေါ်တော်မူခြင်းအစမှာ မိဘနှစ်ပါးကလမ်းလျှောက်တတ်ခါစ အချိန်ကစပြီး သင်ပြပေးတယ်။ ခမည်းတော်၊ သားတော်တို့တာ၊ ဘုရားကျောင်းမှာ နေပူမိုးရွာမရှောင်ခေါ်ဆောင်ပေးတယ်။ အရွယ်ရောက်တဲ့အချိန်ကျပြန်တော့လည်း ဘရာသာရ်၊ စစ္စတာရ်၊ ဓမ္မဆရာ/မတွေရဲ့ သွန်သင်လမ်းညွှန်မှုကိုခံရတယ်။ အဲ့ဒါကတော့ ရဟန်းဘဝရဲ့ ခေါ်တော်မူခြင်းအစပေါ့။ ရဟန်းဘဝမှာလည်း ဘာသာသူတွေအတွက် ဆက်ကပ်ထားတာကြောင့် လမ်းမှားအောင် လမ်းညွှန်ပေးတဲ့ ဘုန်းကြီးရဲ့လွှမ်းမိုးမှုကိုလည်း ခံရတယ်။ ကျွန်ုပ်တို့တွေဟာ သူတို့ကိုအတုယူပြီးနေထိုင်ကျင့်ကြံရမယ်။ အဲ့ဒီဘုန်းကြီးတွေက ကျွန်ုပ်တို့တွေကို မျှော်လင့်ချက်ကြီးကြီးမားမားနဲ့ တွန်းအားပေးတယ်။ ထိန်းကျောင်းပေးတယ်။ ရဟန်းဖြစ်သင်ကျောင်းမှာလည်း အခက်အခဲအများကြီးနဲ့ကြုံတွေ့ရတယ်။ တစ်ချို့ကမိဘမရှိ၊ တစ်ချို့က ကျန်းမာရေးမကောင်း၊ပညာရေး၊ စီးပွားရေး အခက်အခဲပေါင်းစုံနဲ့ ကျော်ဖြတ်ပြီးနေလာခဲ့ရတယ်။ သိက္ခာယူတဲ့အချိန်ရောက်ပြန်တော့ သည်းခံခြင်းပါရမီ၊ ဖြူစင်ခြင်းပါရမီ၊ စေလိုရာစေဆိုတဲ့ဘဝနှင့်ကတိပေးဆက်ကပ်နေကြတယ်။ အခုလိုသနားကြင်နာခြင်းနှစ်မှာ ရဟန်းတော်များရဲ့ ဂျူဘီလီနှစ်ကို ကျင်းပပေးတာဟာသိက္ခာယူတဲ့အချိန်က ပေးထားတဲ့ကတိတွေကို ပြန်လည်ဆန်းစစ်ပြီး အသက်တာမှာ အသစ်တစ်ဖန်ပြန်လည် တည်ဆောက်နိုင်မယ်လို့ခံစားနေမိပါတယ်။ နားထောင်ခြင်းပါရမီနှင့် ပတ်သက်ပြီးရှေးဦးတမန်တော် ဖြစ်တဲ့မယ်တော်ကိုအတုယူရမှာဖြစ်တယ်။

အလိုတော်အတိုင်းကိုလက်ခံတတ်ရမယ်။ ဘုန်းကြီးတို့လည်း ဘယ်လိုအတိုင်းအတာရှိနေလဲဆိုတာ ပြန်လည်ဆန်းစစ်ရမှာဖြစ်တယ်။မယ်တော်ဟာဘုရားအမေ ဖြစ်ပေမဲ့ ကောင်းမွန်ပြီး ပြည့်ဝပျော်ရွှင်စရာ ဘဝလေးကို မတောင်းဆိုခဲ့ပါဘူး။ ရှိနေတဲ့ဘဝလေးကို ရောင့်ရဲစွာနေထိုင်တယ်။ ဘယ်အရာမှ မမက်မောဘူး။ မယ်တော်ဟာ ကျွန်ုပ်တို့တစ်တွေကိုပြောတယ် “သူခိုင်းသမျှလုပ်ပါ” ဆုံးရှုံးခြင်းမရှိပါဘူး။ ကာနန်မြို့လက်ထပ်ပွဲမှာပေါ့။ စပျစ်ရည်ကုန်သွားတဲ့အတွက် မယ်တော်ဟာ ယုံကြည်ခြင်းအပြည့်နဲ့ သားတော်ထံမှာ တောင်းခံခဲ့တယ်။

သားတော်ဟာ အချိန်မရောက်သေးပေမဲ့ မယ်တော်ရဲ့ တောင်းဆိုမှုကို ဖြည့်ဆည်းပေးခဲ့တယ်။ အရင်ကရှိခဲ့တဲ့ စပျစ်ရည်ထက် ပိုကောင်းအောင် ဖန်ဆင်းပေးခဲ့တယ်။ သခင်ယေဇူးသာသနာပြုတဲ့ဘဝကိုပြန်လည်ကြည့်တဲ့အခါမှာလည်း တပည့်တော်တို့နှင့်အတူ သွားတယ်။ စားဖို့၊ သောက်ဖို့၊ နားဖို့အချိန်မရှိ၊ ကြုံရင်ကြုံသလိုနေထိုင်သွားလာနေတယ်။ မုန့်တွေလည်း တမင်တကာမရှာပဲ ရှိတာလေးကို ရောင့်ရဲပြီးဝေငှကြတယ်။ ကျွန်ုပ်တို့တွေဟာလည်း သခင်ယေဇူးကိုယ်ပွား ဖြစ်တဲ့အတွက် ဘယ်လို သာသနာပြုရမလဲဆိုတာသခင်ယေဇူးက လက်တွေ့ထောက်ပြပေးခဲ့တယ်။ ကျွန်ုပ်တို့ဟာ လောကရဲ့ ဆွဲဆောင်မှုကိုခံရပြီး ဝါသနာပါရာ၊စားတာ၊သောက်တာ၊ အလုပ်တွေများများ လုပ်ပြီး ဘုရားနဲ့ပေါင်းစပ်ဖို့ နည်းသွားမယ်ဆိုရင် ဘဝဟာအဓိပ္ပာယ် မရှိတော့ပါဘူး။ လူသားဇာတိလည်း ရှိသေးတယ် လူသားပီပီခံစားချက်ရှိတယ်။

လူတွေကပယ်ထားပေမဲ့ဘုရားနဲ့ပေါင်းစပ်ရမယ်။ဘုန်းကြီးတို့တစ်ဦးနှင့်တစ်ဦးလည်း အားပေးရမယ်။ကူညီရမယ်။ ခေါ်တော်မူခြင်းခံရပြီး သင်္ကန်းရရှိသော်လည်းဘဲ လူ့ဇာတိသဘောလည်း ရှိတဲ့အတွက် နောက်ယှက်ခြင်းခံရမယ်။ သတိထားပြီး ရှင်သန်နေရမယ်။ ဆုတောင်းရမယ်။ အလုပ်များတယ်ဆိုပြီး ဆုမတောင်းရင် အန္တရာယ်တွင်းခုန်ချတာနဲ့ အတူတူဘဲဖြစ်တယ်။ ဆုတောင်းခြင်းဆိုတာနိမ့်ချခြင်းပဲဖြစ်တယ် လူသားတစ်ယောက်အနေနဲ့ အားနည်းမှုရှိပေမဲ့ ဘုရားရဲ့သနားကြင်နာမှုကို ခံရပြီး ဘာသာတူတွေရဲ့ ဘဝကို သနားကြင်နာခြင်းခံရအောင်လုပ်ပေးရမယ်။ ဆုတောင်းခြင်းဖြင့် သာသနာအမှုတော်ကို ထမ်းဆောင်ရမယ်။ ကျွန်ုပ်တို့တွေ ဘယ်လိုဆုတောင်းလဲဆိုတာ ကျွန်ုပ်တို့ရဲ့အပြုအမူ၊ နေထိုင်မှုစရိုက်ကိုကြည့်ပြီး ဖော်ပြနိုင်တယ်။ ဆုတောင်းခြင်းဟာ တန်ဖိုးဖြတ်လို့မရနိုင်တဲ့အရာတစ်ခုပါ။ တစ်ခါတစ်လေ “ငါတော်ပြီကွာ”အိမ်ပြန်မယ်ဆိုပြီး ဆုံးဖြတ်ခဲ့တယ်။ အဲ့ဒါတွေဟာ ကိုယ့်ရဲ့အရည်အချင်းတွေကို အသုံးမပြု၊ အစေမခံချင်တာဖြစ်တယ်။ တချို့ဆို တော်ပြီကွာဆိုပြီး တကယ်ဘဲပြန်သွားခဲ့တယ်။ ဒါပေမဲ့ပျော်ရွှင်မှုမရခဲ့ပါဘူး။ ပြန်ဝင်ချင်ပေမဲ့လည်း အဆင်မပြေတော့ပါဘူး။ ဒါကြောင့်ကျွန်ုပ်တို့သိက္ခာတင်တုန်းက ကတိသစ္စာဆိုထားတဲ့ “ဟုတ်ကဲ့” ဆိုတဲ့အရာကို ပြန်လည်သတိရ ရမှာဖြစ်သလို ငါမင်းကိုခေါ်တယ်ဆိုပြီး ဘုရားရဲ့ စကားကိုနားထောင်ပြီး အစေခံကြဖို့ပြောကြားရင်းနိဂုံးချုပ်ပါသည်။

# ရဟန်းတို့၏ကြီးမြတ်သောဂုဏ်သိက္ခာ၊ ကြီးလေးသောဝတ္တရားများ

(ဆရာတော်ဂျွန်မန်းဆိမ်းဟို)

လောကမှာရှိနေကြသော ဂုဏ်သိက္ခာတွေထဲမှာအကြီးမြတ်ဆုံးဟာ ရဟန်းသိက္ခာလို့ရဟန္တာ (St.Ignatius) က မိန့်ဆိုထားပါသည်။ ရဟန်းတို့၏ဂုဏ်သိက္ခာသည် လောကဘုံမှာ သာမက ကောင်းကင်ဘုံမှာပါ ဘုရားပြီးရင် အမြင့်မြတ်ဆုံးလို့ (St.Eassiun) က ဆိုပါသည်။ဒါကြောင့်လည်း ရဟန်းကိုဘုရားလူဆိုပြီး(St.Denis) က ခေါ်ဆိုခဲ့ခြင်းဖြစ်သည်။ ရဟန်းကို ဆက်ဆံခြင်းဟာ ဘုရားကိုဆက်ဆံခြင်း ဖြစ်တယ်ဆိုတာကို (လုကာ ၁၀း၁၆)မှာ အတိအလင်းတွေ့မြင်နိုင်ပါတယ်။ ရဟန္တာကြီး (St.Mary of Oignies) က တစ်ကမ္ဘာလုံးပေးတဲ့ ရိုသေသမှုဟာ ရဟန်းတစ်ပါးရဲ့ မစ္ဆားပူဇော်ခြင်း တစ်ခုလောက် တန်ဖိုးမရှိဘူးလို့ဆိုပြန်တယ်။

ခရစ်တော်ရဲ့အသက်ကိုစတေးဆက်ကပ်ပူဇော်ရတဲ့ရဟန်းရဲ့မစ္ဆားပူဇော်ခြင်းနှင့်နှိုင်းယှဉ်လျှင် ကမ္ဘာရဲ့အမြင့်ဆုံးဆိုတဲ့ ပူဇော်ခြင်းတွေဟာ ရေတစ်ပေါက်မြေတမုန့်လောက်သာ ကျန်တော့တယ်လို့ဆိုပါသည်။ (St. Ambrose) ကတော့ "ရွှေ"က "ခဲ" ထက်မြတ်သလို ရဟန်းရဲ့ဂုဏ်သိက္ခာဟာ ဘုရင်ရဲ့ဂုဏ်သိက္ခာထက်မြတ်တယ်လို့ဆိုတယ်။ ဘုရင်က လောကအရာ နဲ့ ရုပ်ဝတ္ထုအပေါ်မှာသာ လွှမ်းမိုးနိုင်စီရင်ပိုင်နိုင်ပြီးနာမ်နှင့်ထာဝရတည်တဲ့ဝိညာဉ်ရေးရာကိစ္စတွေမှာတော့ ရဟန်းကသာလျှင် လွှမ်းမိုးမှုရှိနိုင်လို့ဖြစ်တယ်။ ဒါကြောင့် ဝိညာဉ်ဟာ ခန္ဓာ ထက်မြတ်သလို ရဟန်းဟာ ဘုရင် ထက်ကြီးမြတ် သာလွန်တယ်လို့ St. Clement က ထောက်ခံခဲ့တယ်။ ရဟန်းရဲ့ဂုဏ်သိက္ခာ ဟာ ဘုရင်ထက်သာမက ကောင်းကင်သိကြားမင်းများထက်ပါကြီးမြတ်ပါသေးတယ်။

သိကြားအားလုံးပေါင်းတာတောင်အပြစ်တစ်ခုကို မဖြေနိုင်ကြလို့ဘဲဖြစ်တယ်၊ဒါကြောင့် ရဟန်းဆီမှာအပြစ်ဖြေလွှတ်ဖို့၊ ချည်ဖို့ သော့ရှိပေမယ့်သိကြားမင်းမှာမရှိပါဘူး။ သိကြားမင်းထက် ရဟန်းကမြင့်မြတ်ပါတယ်။ ရဟန်းရဲ့သိက္ခာဟာမယ်တော်မာရီးယားရဲ့သိက္ခာထက်ပါကြီးမြတ်တယ်လို့ဆိုတယ်။ မယ်တော်ဟာ ဆုတောင်းသမျှ အားလုံးပေးပေမယ့် အပြစ်ကိုတော့မခွင့်လွှတ်ပေးနိုင်ပါဘူး။ မယ်တော်ဟာ တပည့်တော်ကြီးတွေထက် သာလွန်ပြည့်စုံသူဖြစ်ပေမယ့် ကောင်းကင်တံခါးသော့ကိုတော့တပည့်တော်ကြီးတွေကိုဘဲ ပေးခဲ့တာဖြစ်တယ်။

St. Bernadine of Sirena ကတော့ "အိုမယ်တော်၊ ရဟန်းတို့ရဲ့ ဂုဏ်သိက္ခာဟာ မယ်တော်ထက် သာလွန်တယ်လို့ပြောမိလို့ မယ်တော်ကိုထိခိုက်တယ်လို့ မထင်ပါနဲ့၊ ခွင့်လွှတ်ပါ။ ဘာကြောင့်လဲဆိုတော့ မယ်တော်ဟာ ခရစ်တော်ကိုတစ်ကြိမ်သာ မွေးဖွားသန့်စင်ပြီး ရဟန်းကတော့ကြိမ်ဖန်များစွာ မွေးဖွားသန့်စင်ပေးနေလို့ဘဲဖြစ်ပါတယ်" လို့ တောင်းလျှောက်ခဲ့တယ်။ မှန်ပါတယ် တကယ်တော့ ရဟန်းသာ သခင်ယေရှုရဲ့မိဘ၊ တစ်နည်းအားဖြင့် ဖန်ဆင်းရှင်ရဲ့ ဖန်ဆင်းရှင်ဘဲ မဟုတ်လား၊(လုကာ၅း၂၁)မှာခရစ်တော်ဟာလေဖြတ်နေတဲ့သူကို "သားသင့်ရဲ့အပြစ်ကို လွှတ်ပြီး" လို့မိန့်မြွက်ပြီးပျောက်ကင်းစေတယ် ဂျူးတွေဟာ အပြစ်ကိုလွှတ်နိုင်တာဘုရားသခင် ဘဲဖြစ်တယ်လို့ဆိုခဲ့တယ်။

ဒီနေ့ရဟန်းများက (Ego te absolvo a peceatis tuis)" သင်၏ အပြစ်မှငါသည် သင့်ကိုဖြေလွှတ်ပြီ" လို့ပြောနိုင်ခြင်းဟာ ဘုရားအဖြစ်တော်၌ရှိနေလို့ပါဘဲ။ "သင့်ကိုငါဖြေလွှတ်ပြီ" ဆိုတဲ့စကားလေးနဲ့ ကျွန်ုပ်တို့ ဟာ အပြစ်သားဘဝကနေ ဘုရားရဲ့မိတ်ဆွေအဖြစ်၊ အပြစ်ရဲ့ကျေးကျွန်အဖြစ်ကနေ ကောင်းကင်ရဲ့အမွေစား၊ အမွေခံတွေအဖြစ်ပြောင်းလဲ ပေးနိုင်ခြင်းဟာ ရဟန်းရဲ့တန်ခိုးတော်ပါ။ဒါကြောင့် ရဟန်းဘဝမှာ ကြီးမြတ်သော ဂုဏ်သိက္ခာပေးထားတဲ့ဘုရားရှင်ကိုကျေးဇူးတင်ကြစို့။ ရဟန်းစော်ကားခြင်းအားဖြင့် ဘုရားကိုမစော်ကားမိဖို့သတိပြုကြပါစို့။ ရဟန်းများကိုရိုသေသမှုပြုခြင်းဖြင့် ဘုရားကိုရိုသေသမှုပြုနိုင်ဖို့ကြိုးစားကြပါစို့။ ရဟန်းရဲ့ဂုဏ်သိက္ခာဟာ ကြီးမြတ်သလို အပြစ်ပြုပြီဆိုလည်း သူတို့အပြစ်ဒဏ်ဟာ အင်မတန်ကြီးမားလှပါတယ်။ ဒါကြောင့် အပြစ်ထဲကိုမကျရောက်ဖို့ ကြောက်ရွံ့ကြစို့ ဆိုတဲ့ (St.Jerome) ရဲ့စကားဟာ မှတ်သားစရာပါ။ ဘုရားကိုစစ်မှန်စွာ ချစ်သောသူများဟာသိက္ခာခံဖို့ ကြောက်ရွံ့တုန်လှုပ်ကြပါတယ်။ ဒါကြောင့် ရဟန္တာများစွာက နည်းမျိုးစုံနဲ့ ရဟန်းသိက္ခာခံယူဖို့ ငြင်းဆန်ခဲ့ကြတယ်။ ဒါပေမဲ့ ယနေ့နားမလည်ဘဲ တစ်ချို့လူတွေက ရဟန်းသိက္ခာကို မရ ရတဲ့နည်းနဲ့ ရယူလိုကြတယ်။ ရည်ရွယ်ချက်မှန်မှန်နဲ့ ရယူသူရှိသလို ရည်ရွယ်ချက်မမှန်ဘဲ ရယူခဲ့တဲ့ရဟန်းများစွာကြောင့်လဲ အသင်းတော်မှာရှိတဲ့ ဘာသာတူတွေဟာ လစ်လျူရှုခံရတယ်။

အသင်းတော်ပုတ်ခတ်စော်ကားခြင်းခံရတယ်။ဝိညာဉ်များစွာပျက်စီးခံရတယ်။ ဒါ့အပြင် အဲ့ဒီရဟန်းတွေပါ ကျိန်ဆိုခြင်းခံရပါလိမ့်မယ်။ ဒါဟာ ရဟန်းတို့၌ ရှိသင့်ရှိအပ်တဲ့ စိတ်ထားနဲ့ ရဟန်းဘောင်ကိုဝင်ခဲ့ခြင်းမဟုတ်ဘဲ လောကီစိတ်ထားနဲ့ ဝင်လာခြင်းကြောင့်ဖြစ်တယ်။ အဲ့ဒီနေရာမှာ ရဟန်းတို့ရဲ့တာဝန်ကိုသိဖို့ လိုအပ်လာပါပြီ၊ ဘုရားကိုဂုဏ်ပြုရိုသေခြင်းနှင့်ဝိညာဉ်တွေကယ်တင်ရေးဟာ ရဟန်းတို့ရဲ့ အဓိကတာဝန်ပါ။

ရဟန်းတို့ဟာမိမိတို့၏လက်ဖြင့် ဝိညာဉ်များကိုကောင်းကင်သို့ ပို့နေကြရမှာဖြစ်တယ်။ ကောင်းကင်မှာသိကြားမင်းတွေက ဘုရားကိုအမြဲချီးမွမ်းနေသလို မြေကြီးမှာလည်း ရဟန်းတွေက ချီးမွမ်းနေရမည်ဟု(St.Cornelius) က ဆိုထားပါတယ်။ ခရစ်တော်ရဲ့ပြည့်စုံတဲ့ နမူနာကို ပုံအတုယူပြီး ဖြောင့်မတ်ခြင်း၊ ဖြူစင်ခြင်း၊ နားထောင်ခြင်း၊ နှိမ့်ချခြင်း၊ ဆင်းရဲခြင်း ပါရမီတွေကို ရင်မှာပိုက်၊ နလုံးမှာသွင်းပြီး မိမိရဲ့ သိုးတွေအတွက်လိုအပ်ရင် အသက်စွန့်ဖို့အသင့် ရှိနေတဲ့သူတွေသာလျှင် ခရစ်တော်တည်ထောင်လိုလားတဲ့ ရဟန်းဘဝကိုဆုပ်ကိုင်ထားတဲ့ သူတွေဖြစ်ပါတယ်။ (St.Ambrose) က ရဟန်းရဲ့တာဝန်ကငွေစုဆောင်းဖို့မဟုတ် ဝိညာဉ်စုဆောင်းဖို့သာဖြစ်တယ်လို့ ဆိုခဲ့တယ်။ ဘုရားနဲ့ဆိုင်တဲ့အမှုကိုအာရုံစိုက်နိုင်ဖို့ လောကီအရာကိုစွန့်ပစ်နိုင်ရမည်။ ရဟန်းတို့ရဲ့ ဂုဏ်သိက္ခာဟာကြီးမြင့်သလို အပြစ်ရှိလို့စီရင်ခံရလျှင်လည်း တင်းကြပ်မယ်လို့ဆိုတယ်။ ရဟန်းဖြစ်တိုင်းကယ်တင်ခြင်းခံရမှာ မဟုတ် ရဟန်းဘဝနှင့်ကိုက်ညီတဲ့ပါရမီနဲ့ ကြိုးစားမှုရှိမှသာ ကယ်တင်ခြင်းခံစားရမှာပါ။ (St.Jerome) က ရဟန်းတို့ရဲ့ပါရမီတွေထဲမှာ ထိပ်ကပြေးနေတာက "သန့်ရှင်းဖြူစင်ခြင်း" ဖြစ်တယ်။ သန့်ရှင်းဖြူစင်ခြင်းဟာ အရေးကြီးသလို နောက်ယုက်ဖျက်ဆီးနိုင်တဲ့အရာကိုလည်း အဝေးကနေရှောင်နိုင်ရန် အစွမ်းကုန်ကြိုးစားကြရပါမည်။ သန့်ရှင်းသောခွက်ကို ကိုင်သောလက်ဟာ အပြစ်နဲ့ကင်းရမှာဖြစ်သလို ဘုရားကိုကိုင်တဲ့လက်ဟာ ဘယ်လောက်သန့်ရှင်းရမယ်ဆိုတာ စဉ်းစားစရာပါဘဲ။ နေ့စဉ်တိုက်ပွဲမှာ အောင်မြင်မှုအနည်းဆုံးတိုက်ပွဲဟာ ဖြူစင်ခြင်းအတွက်တိုက်ရတဲ့ တိုက်ပွဲဘဲဖြစ်တယ်။ ဒီထက်ပြင်းထန်တဲ့ တိုက်ပွဲလည်းမရှိဘူးလို့ St.Angustine က အသိပေးထားပြန်ပါတယ်။ ဖြူစင်ခြင်းကို ထိန်းသိမ်းဖို့ ဘုရားရဲ့ကျေးဇူးတော် ပါလျှင်တတ်နိုင်ပါတယ်။ ဒါပေမယ့် အပြစ်ကိုပို့တဲ့လမ်းကို မရှောင်ရှားတဲ့သူကိုတော့ ဘုရားကမပေးဘူးလို့ဆိုတယ်။ မီးကို သွားကိုင်ရင် မီးလောင်ခံရမယ်။ ကောက်ရိုးပုံကို မီးရှို့ကြည့်၊ ဟုန်းဟုန်းတောက်လိမ့်မယ်။ တို့ထဲမှာရှိတဲ့ ရာဂစိတ်တွေဟာ လည်းကောက်ရိုးလိုပါဘဲ။ မီးနဲ့တူတဲ့အပြစ်ကိုဖြစ်စေတဲ့လမ်းနဲ့ မထိတွေ့စေဖို့ သိပ်အရေးကြီးပါတယ်။ "သေခြင်းတရားက ပြတင်းပေါက်ကနေဝင်လာတတ်တယ်" တို့ရဲ့မျက်စိတွေဟာ အပြစ်ဝင်လာရာလမ်းကြောင်းတွေ၊ ရန်သူကိုခုခံဖို့ ဂိတ်မကြီးကို ဘယ်လိုပိတ်ပိတ်၊ ပြတင်းပေါက်တံခါးကို ပိတ်ဖို့ လျစ်လျူရှုမယ်ဆိုရင်တော့ အဲ့ဒီကနေရန်သူကစိမ့်ဝင်လာမှာဘဲ။

ဒီလိုဘဲမျက်စိအာရုံကို ထိန်းချုပ်ခြင်းမရှိရင်လည်း အသွေးအသားရန်သူကစိမ့်ဝင်လာမှာဖြစ်တယ်။ အမြင်အာရုံကနေစတဲ့ မကောင်းမှုများစွာကို (ဒါဝိတ် မင်းကြီး၊ ဆော်လမုန် မင်းကြီး) အကြောင်းရေးသားထားတဲ့ကျမ်းစာထဲမှာ သင်ခန်းစာယူဖွယ် ရေးသားထားလို့ လေ့လာသိရှိနိုင်ပါတယ်။

ရဟန်းတို့၏ မြင့်မြတ်သောသိက္ခာ၊ ကြီးလေးသောတာဝန်နှင့် ကြောက်မက်ဖွယ်သော အန္တရာယ်များအကြောင်းကို ဘုန်းတော်ကြီး (Fr.Oswald) စာဗိုလ်လရောင်မှ ရာဖွေစုဆောင်းထားပြီး ပုသိမ်ဂိုဏ်းအုပ်ဆရာတော် ဂျွန်မန်းဆိမ်းဟိုမှ ရဟန်းတော်များအား ဝေမျှခြင်းမှ ပြန်လည်ကောက်နုတ်တင်ပြခြင်း ဖြစ်ပါသည်။ (CBCM, OSC)

# အပြစ်များကိုအထူးခွင့်လွှတ်ပိုင်ခွင့်ရရှိထားသောရဟန်းတော်များ

(ဖာသာရ်ဟီဂျီးနီးစ် မြင့်စိုး)

ပျော်ရွှင်ခြင်းဟာဘုရားသခင် ကျွန်ုပ်တို့နှင့်အတူ ရှိနေတယ်ဆိုတာမြင်သာတဲ့ အမှတ်လက္ခဏာတစ်ခုဖြစ်တယ်။ အခုဘုန်းကြီးတို့ ပွဲကျင်းပတာဟာမောပန်းပြီး ဦးနှောက်ခြောက်တဲ့အရာတွေ၊စဉ်းစားရမယ့်အရာတွေလုပ်ရတာမဟုတ်ဘဲ ကိုယ့်ရဲ့ဘဝ၊ ကိုယ့်ရဲ့ပျော်ရွှင်ခြင်းတွေကိုကျင်းပဖို့အတွက်လာတာပါ။ ကလေးတွေ စာမသင်ခင်ကြောက်စိတ်၊ ရှက်စိတ်၊ စိုးရိမ်စိတ်တွေမရှိအောင် ပြင်ပေးရသလို ဘုန်းကြီးတို့တွေလည်း အထဲမှာရှိတဲ့သောကတွေ အကုန်လုံးချန်ထားပြီး ရဟန်းဘဝရဲ့ပျော်ရွှင်ခြင်းကို အတူတူမျှဝေခံစားကြရမှာဖြစ်တယ်။

ဘဝမှာပျော်ရွှင်ခြင်းဆိုတဲ့အရာ မရှိတော့ဘူးဆိုရင် ဘုရားလည်းရှိတော့မှာမဟုတ်တော့ဘူး။ ဆုတောင်းခြင်းတစ်ခုနဲ့ အစပြုချင်တယ်။ သံတာထရေဇားက "အိုဘုရားသခင် တပည့်တော်မကို မချိုမချဉ် ချဉ်စစ၊ ချဉ်စုတ်စုတ် မျက်နာရှိနေတဲ့ရဟန္တာ၊သန့်ရှင်းသောအသိုင်းအဝိုင်းမှကယ်မတော်မူပါဘုရား"ဟု ဆုတောင်းခဲ့ပါတယ်။

တပည့်တော်တို့ အချင်းချင်းလည်းတစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးပြင်စရာလေးတွေရှိရင်ပြုံးပြင်ကြပါ။ဘာသာတူတွေက ဘုန်းကြီးတွေကို နေ့တိုင်းအပြုံးလေးနဲ့ မြင်ချင်တယ်။ ပြုံးပြုံး ရွှင်ရွှင်လေးနဲ့ဖြစ်စေချင်တယ်။ ဘုရားနဲ့ ပေါင်းစပ်ရင် ပျော်ရွှင်ခြင်းရမယ်။ ဒီနှစ် သနားကြင်နာခြင်းနှစ်မှာဘုရားက အပြစ်တွေကိုအားလုံး ခွင့်လွှတ်တဲ့အတွက် ပျော်ရွှင်မှုတွေအပြည့်အဝခံစားရတယ်။"ပြုံးပါ" ဘာသာတူတွေ၊ယုံကြည်သူတွေ၊ဆင်းရဲသားတွေဟာ တပည့်တော်တို့ရဲ့ အပြုံးကိုဆာငတ်နေကြတယ်။ ပြုံးနိုင်ကြမလား။ သနားကြင်နာခြင်းပွဲကိုရဟန်းတစ်ပါးအနေနဲ့ ကျင်းပတဲ့ အခါမှာအတူတူကြည့်ရမဲ့အချက်ကဘုရားရဲ့သနားကြင်နာခြင်းအပေါ်မှာ အများကြီးမူတည်တယ်။ သနားကြင်နာခြင်းကို ထောက်ရှုခြင်းဖြင့် ရဟန်းတစ်ပါးအနေနဲ့ ဘဝမှာပျော်ရွှင်ခြင်းက ဘယ်မှာလဲ။ အသင်းတော်နှင့်ရှိနေခြင်း ဖြစ်တယ်။အာပတ်ဖြေတဲ့အခါမှာဘုရားရဲ့နှစ်သိမ့်မှုခွင့်လွှတ်မှုရလို့ပျော်ရွှင်မှုရတယ်။ဆက်လက်ပြီး အဲ့ဒီပွဲကိုပြန်လည် ကျင်းပဖို့လိုအပ်တယ်။

ပုပ်ရဟန်းမင်းကြီးဖရန်စစ်က ရဟန်းတွေကိုပြောတယ် "မင်းတို့တွေကိုစေလွှတ်တယ်ဆိုတာ အသင်းတော်ရဲ့ အမေ့မေတ္တာကိုယ်စားပြု၊ အဖေ့နလုံးသားကိုယ်စားပြု၊ အသင်းတော်ဟာ မိခင်ဖြစ်တယ်" ဆိုတာဖော်ပြဖို့ ဖြစ်တယ်။ ဖခင်တစ်ဦးအနေနှင့်လည်း သားကိုတွေ့တာနဲ့ ပြေးဖက်ပြီးကြိုဆိုသလို တပည့်တော်တို့ တစ်ဦးချင်းမှာလည်း ကျရာနေရာတိုင်းမှာ ဟောပြောသက်သေခံပြီး အပြစ်သားတွေကို ကြိုဆိုပါ။ အာပတ်ဖြေခြင်းကိုကောင်းကောင်းပြုလုပ်ပါ။ အာပတ်ဖြေခြင်းနားထောင်တဲ့အခါမှာ မစီရင်ပါနဲ့။ အပြစ်တွေကို စီရင်တဲ့သူဟာနတ်ဆိုးတွေဘဲဖြစ်တယ်။အရှက်မကွဲပါနဲ့။စီရင်ဖို့ထက်နားလည်မှုပေးပါ။ လောလောမလုပ်ကြနဲ့။တစ်ပတ်မှာအာပတ်ဖြေခြင်း အချိန်ကို ဘယ်လောက်ပေးနိုင်လဲ။ ပြန်လည်သုံးသပ်ပါ။ ဘာသာသူတွေနဲ့ တစ်သွေးတည်း တစ်သားတည်းရှိရမယ်။ မာကု (၂း ၁-၁၂) မှာ ဘယ်လောက်ပေးနိုင်လဲ။ ပြန်လည်သုံးသပ်ပါ။ ဘာသာသူတွေနဲ့ တစ်သွေးတည်း တစ်သားတည်းရှိရမယ်။ မာကု(၂း၁-၁၂)မှာ သနားခြင်း၊ ခွင့်လွှတ်ခြင်းအကြောင်းတို့ကို သခင်ယေရှုက ဖော်ပြထားတယ်။ တပည့်တော်တို့ အယောက်တိုင်းလည်း သခင်ယေရှုကို စံပြုပြီးသနားကြင်နာခြင်းနှစ်မှာ ဘာသာတူတွေကို သနားကြင်နာမှုပြုကာ ခွင့်လွှတ်ရမှာဖြစ်တယ်။

# နွေရာသီတာမန်တော်လုပ်ငန်းအတွေ့အကြုံရှင်းလင်းပွဲ




ဒဿနိကဗေဒဌာနမှ ရဟန်းလောင်းကိုရင်များ၏ နွေရာသီအတွေ့အကြုံများကိုစာချဘုန်းတော်ကြီးများ၊ ဘဝတူရဟန်းလောင်းကိုရင်များအား ပြန်လည်ဝေမျှကြသည့် နွေရာသီတမန်တော်လုပ်ငန်းအတွေ့အကြုံရှင်းလင်းပွဲ (Apostolic Symposium) အခမ်းအနားကို မေလ (၂၆)၊ ၂၀၁၆ ရက်နေ့ နံနက် (၈း၁၅) တွင်ပြင်ဦးလွင် ရဟန်းဖြစ်တက္ကသိုလ်၌ အဖွင့်ဆုတောင်းဖြင့်ဖွင့်လှစ်ခဲ့ပြီးဓမ္မသီချင်းတစ်ပုဒ်ဖြင့်ကျူးဓခဲ့ကြပါသည်။

အဖွင့်အမှာစကားကို ကျောင်းအုပ်ဘုန်းတော်ကြီး ဖာသာရ်ပေါလ်ပီးပီ မှ မြွက်ကြားပေးခဲ့ပါသည်။ ထို့နောက်သာသနာနယ်အသီးသီးမှ သာသနာကိုယ်စားလှယ် ရဟန်းလောင်းကိုရင် တစ်ပါးစီမှ မိမိတို့၏ သာသနာအတွင်း ရဟန်းလောင်းကိုရင်များ၏ နွေရာသီတမန်တော်လုပ်ငန်းစဉ်များကို စတင်၍ဝေမျှကြ ပါသည်။ တင်ပြချက်များတွင်ဝမ်းသာချက်များ၊အားတက်မှုများ၊ စိတ်လှုပ်ရှားခြင်းများ၊ စိတ်မကောင်းခြင်းများနှင့် သင်ယူစရာများစွာလည်းပါဝင်ခဲ့ပါသည်။ ရဟန်းလောင်းကိုရင်ကြီးများမှတင်ပြအပြီး၊ တင်ပြချက်အားလုံးကိုဝိညာဉ်ရေးတာဝန်ခံဘုန်းတော်ကြီးကလေးမင်း အန်းဂျေလိုအားတယ်မှ အားသာချက်၊ အားနည်းချက်များကို ခြုံငုံသုံးသပ်ပေးခဲ့ပါသည်။ မျက်ရည်ကျလျှက်ပျိုးကြဲသူတို့သည်၊ ဝမ်းမြောက်စွာရိတ်သိမ်းရလိမ့်မည် (ဆာလံ၁၂၆း၅)ဟုဆာလံကျမ်းရေး ပုဂ္ဂိုလ် ရေးသားထားသကဲ့သို့ သာသနာနယ်၏ အတွေ့အကြုံများသည် ပျော်စရာ၊ ဝမ်းနည်းစရာ၊ စိတ်ဓာတ်တက်စရာ၊ စိတ်ဓာတ်ကျစရာများလည်း ရှိပါသည်။ သို့သော်အဆုံး၌ ယေရှုသခင် ၏ တပည့်တော်များနည်းတူ သခင်၏ နာမတော်၌ နတ်ဆိုးများပင်လျှင် ကျွန်ုပ်တို့နှင်ထုတ်နိုင်ပါသည် (ရှင်လုကာ ၁၀း၁၇) ဟုကြုံတွေ့ခဲ့သော အခက်အခဲများ၊ အဆင်မပြေ ခဲ့ခြင်းများကို မေ့လျော့ကာ၊ ယေရှုသခင်၏နာမတော်၌ ၎င်းတို့စွမ်းဆောင်နိုင်ခဲ့သည့် အကြောင်းကို မမောမပမ်းနိုင်ပြန်လည်ဝေမျှခဲ့သည်။

လွန်ခဲ့သောမတ်လ (၁၆)ရက်နေ့ ၌၊ နွေကျောင်းရက်ရှည်ပိတ်သောကြောင့်၊ရဟန်းလောင်းကိုရင်များသည် မိမိတို့၏သာသနာအသီးသီးသို့ ပြန်သွားခြင်းဖြစ်ပြီး ထိုနွေကျောင်းပိတ်ရက်(၂)လတာအတွင်း၊တမန်တော်လုပ်ငန်းများကို သာသနာမှတာဝန်ပေးအပ်သည့်အတိုင်း ထမ်းဆောင်ကာ မေလ(၁၆)ရက်နေ့တွင် အမိကျောင်းတော်ကြီးသို့ ဘေးကင်းရန်ကွာ ပျော်ရွှင်စွာဖြင့်ပြန်လည် ရောက်ရှိလာခဲ့ခြင်း ဖြစ်ပါသည်။

နွေရာသီအတွေ့အကြုံရှင်းလင်းပွဲကိုဓမ္မသီချင်းတစ်ပုဒ်ဖြင့်ကျူးဓကာ၊ စာချဘုန်းတော်ကြီးများ၏ကောင်းကြီး မင်္ဂလာကိုခံယူ၍ အစီအစဉ်များကို ရုတ်သိမ်းခဲ့ကြောင်း ဘုန်းတော်ကြီးကလေးမင်းအားတယ်ထံမှသိရပါသည်။

# ကောင်းကင်နိုင်ငံတော်သားများနှင့်တစ်ရက်တာပျော်မြူးခြင်း



ရဟန်းလောင်း ကိုရင်များသည် ကောင်းကင်နိုင်ငံသားတို့ထံသို့ တစ်နစ်လျှင်နစ်ကြိမ် (ကျောင်းဖွင့်စနှင့် ကျောင်းပိတ်ချိန်) သွားရောက်လည်ပတ်လေ့ရှိရာ ယခုပညာသင်နစ်၏အစ (မေလ ၂၂ ရက်) တွင် သွားရောက်လည်ပတ်ခဲ့ပါသည်။ ကောင်းကင်နိုင်ငံတော်သားများသည် ပြင်ဦးလွင်ရှိစိန်အလွိုက်ရှက် သီလရှင်များ၏ စောင့်ရှောက်မှုကို လုံခြုံစွာခံယူနေကြပါသည်။ ၎င်းတို့အနက် အချို့တို့သည်မိဘမဲ့၊ အချို့သည် အိမ်ထောင်ကွဲမိသားစုများမှ အချို့သည် မိဘများရှိသော်လည်းချို့တဲ့သောကြောင့် သီလရှင်များ၏စောင့်ရှောက်မှုကို ခံယူနေကြသော ကောင်းကင်နိုင်ငံသားများဖြစ်ကြပါသည်။

ကောင်းကင်နိုင်ငံသား ဆိုသည်မှာ ကလေးသူငယ်များအား တင်စားသုံးနှုန်းထားခြင်းဖြစ်ပြီး ဂျူးလူမျိုးတို့၏ ထုံးစံနှင့် ဘာသာရေး အစဉ်အလာတစ်ခုလည်းဖြစ်သော ကလေးသူငယ်များအား ဘာသာရေးခေါင်းဆောင်များထံသို့ ခေါ်ဆောင်လာကာ၊ လက်တင်ဆုတောင်း၍ ကောင်းကြီးပေးလေ့ရှိပါသည်။ ယေရှုသခင် ကဲ့သို့သော အဟောအပြောနှင့် အသက်တာ တစ်ထပ်တည်းကျသော ဘာသာရေးခေါင်းဆောင်ထံမှ ကောင်းကြီးခံယူလိုကြသောကြောင့်၊ ကလေးမိဘများသည် မိမိတို့၏ရင်သွေးများကို တိုးကြိတ်၍ခေါ်ဆောင်လာကြပါသည်။ ထိုမြင်ကွင်းကို မခံနိုင်သော တပည့်တော်ကြီးများက ဟန့်တားသည့် အပြောအဆိုများ ပြောဆိုခဲ့ပါသည်။ တပည့်တော်ကြီးတို့၏ ဟန့်တားသော အပြောအဆိုကို စိတ်မတွေ့သော ယေရှုသခင်က ‘ဤသူတို့သည် ကောင်းကင်နိုင်ငံကိုပိုင်ဆိုင်သူများ ဖြစ်ကြသည်။

ကလေးသူငယ်များကဲ့သို့ကောင်းကင်နိုင်ငံကို လက်မခံလျှင်၊ ကောင်းကင်နိုင်ငံသို့ မဝင်ရောက်နိုင်’ ဟုမိန့်၍ဆုံးမခဲ့ပါသည်။ထိုမြင်ကွင်းကိုမခံနိုင်သောတပည့်တော်ကြီးများက ဟန့်တားသည့် အပြောအဆိုများ ပြောဆိုခဲ့ပါသည်။ တပည့်တော်ကြီးတို့၏ဟန့်တားသောအပြောအဆိုကိုစိတ်မတွေ့သော ယေရှုသခင်က “ဤသူတို့သည် ကောင်းကင်နိုင်ငံကိုပိုင်ဆိုင်သူများဖြစ်ကြသည်။ ကလေးသူငယ်များကဲ့သို့ ကောင်းကင်နိုင်ငံကို လက်မခံလျှင်၊ ကောင်းကင်နိုင်ငံသို့ မဝင်ရောက်နိုင်” ဟုမိန့်၍ ဆုံးမခဲ့ပါသည်။ ထို့ကြောင့် ပြင်ဦးလွင် (၂၂) ချယ်ရီလမ်းရှိ ဒဿနိကဗေဒဌာနမှ ရဟန်းလောင်းကိုရင်များသည် မေလ (၂၂)နေ့က အလွန်ထူးခြားသောကျေးဇူးတော်ကိုခံစားခဲ့ရပါသည်။အဘယ်ကြောင့်ဆိုသော် ကောင်းကင် နိုင်ငံသားများနှင့်တစ်ရက်တာပျော်ရွှင်စွာ ဖြတ်သန်းခွင့်ရခဲ့သောကြောင့်ဖြစ်ပါသည်။

သွားရောက်လည်ပတ်သောတစ်ရက်တာ၌ ရဟန်းလောင်းကိုရင်များသည်၊ ကောင်းကင် နိုင်ငံတော်သားများနှင့် ပျော်ရွှင်စွာကစားခဲ့ကြ၊ သီချင်းသီဆိုခဲ့ကြ၊ ကခုန်ခဲ့ကြကြောင်း၊ ၎င်းတို့၏ မုန့်ဖိုးများမှစု၍ ကောင်းကင်နိုင်ငံသားများအား လှူဒါန်းခဲ့ကြောင်း သိရှိရသည်။
(ကိုပိုက်)

## ခရစ်ယာန်အမျိုးသမီးဂိုဏ်းပေါင်းစုံ အားသစ်လောင်းဆုတောင်းပွဲ

၄၊ ၆၊ ၂၀၁၆ စနေနေ့တွင် တောင်ကြီးခရစ်ယာန်အမျိုးသမီးဂိုဏ်းပေါင်းစုံ အားသစ်လောင်းဆုတောင်းဆွေးနွေးပွဲ အစီအစဉ်ကို ကချင်နှစ်ခြင်းအသင်းတော်တွင် နေ့တစ်ပိုင်းကျင်းပခဲ့သည်။ ၎င်းအစီအစဉ်တွင် ကက်သလစ်ဘာသာဝင် အမျိုးသမီးများမှ သနားကြင်နာခြင်းဂျူဘီလီနှစ်သီချင်းဖြင့် ပါဝင်ကျေးဇူးတော်ချီမွမ်းခဲ့သည်။ ၎င်းတွေ့ဆုံခြင်းတွင် မိတ်ဆက်ခြင်း၊ ဓမ္မသီချင်းသီဆိုကျေးဇူး၊ သမ္မာကျမ်းစာဝေမျှခြင်းတို့ကိုပြုလုပ်သည်။ ထို့အပြင် ဆေးရုံ၊ အိမ်တို့တွင် ဖျားနာသူများထံသို့လည်း သွားရောက်တွေ့ဆုံ ဆုတောင်းပေးခဲ့ကြသည်။ ထိုသို့ပြုလုပ်ရခြင်းရည်ရွယ်ချက်မှာ ခရစ်ယာန်ဂိုဏ်းပေါင်းစုံ အမျိုးသမီးများတစ်လုံးတစ်ဝတည်းရှိရေးအတွက်ဖြစ်ပြီး (၃) လတစ်ကြိမ် ပြုလုပ်လေ့ရှိသည်ဟု သိရသည်။ “အစီအစဉ်မှာ ကက်သလစ်အသင်းတော်အနေဖြင့် ပါဝင်ခွင့်ရရှိတဲ့အတွက် အင်မတန်မှကျေနပ်မိတယ်၊ ပျော်ရွှင်မိတယ်၊ ဝမ်းသာမိတယ်” ဟု အသင်း၏ ဘဏ္ဍာရေးမှူးဒေါ်စီစီမှ ပြောကြားသွားပါသည်။ U Sai Sheng+Daw ZCC

ပညာရေးကော်မရှင်

# ရပ်ရွာခန့်ဆရာ / မများအတွက် ကလေးဗဟိုပြုချဉ်းကပ်နည်း (CCA) ဆိုင်ရာ သင်ကြားရေးအရည်အချင်းမြှင့်သင်တန်း

ဘားအံ ကက်သလစ်သာသနာမှ ရပ်ရွာခန့် ဆရာ/မများအတွက် ကလေးဗဟိုပြု ချဉ်းကပ်နည်း (CCA) ဆိုင်ရာ သင်ကြားရေး အရည်အချင်း မြှင့်သင်တန်းကို (၉-၂၀၊၅၊၂၀၁၆) တွင် (၁၀)ရက်တာ ပြုလုပ်ကျင်းပခဲ့ပါသည်။ အဆိုပါသင်တန်းကို ဘားအံသာသနာ ရပ်ရွာ(၁၈)ရွာမှ ရပ်ရွာခန့် ဆရာ/မများစုစုပေါင်း(၂၅)ဦး တက်ရောက်ခဲ့ကြသည်။ ဤသင်တန်းကို ဘားအံသာသနာမှ Diocese Commission for Education (DCE) တာဝန်ခံ ဖာသာရ် ဉာဏ်ထူးမှ ဦးဆောင်ကာ Episcopal Commission for Education (ECE)ရန်ကုန်မှ ဆရာမ ဒေါ်ခင်ဌေးမူ၊ ပုသိမ်သာသနာမှ ဆရာမ ဒေါ်နန်းနီရင်းချို၊ **Bro.Blaise(S.F.X)**၊ ဘားအံ သာသနာမှ ဦးပါစကားတို့နှင့် ပူးပေါင်းကာ ဆွေးနွေးပို့ချပေးခဲ့ကြပါသည်။ ဆွေးနွေးသွားသော သင်ခန်းစာများမှာအဓိကအားဖြင့် ကလေး ဗဟို ပြုချဉ်းကပ်နည်းဆိုင်ရာ နည်းလမ်း



များကလေးဖွံ့ဖြိုးမှုများ၊ ကလေးများသင်ယူမှုပုံစံအမျိုးမျိုး၊ ထိရောက်တက်ကြွသော သင်ယူမှုနည်းလမ်းများနှင့်သင်ထောက်ကူများပြုလုပ်ဖန်တီးခြင်းစသည်တို့ဖြစ်သည်။

# ဘော်ဒါအုပ်၊ဘော်ဒါထိန်းသင်တန်း

## မော်လမြိုင်သာသနာ



မော်လမြိုင်သာသနာ မြိတ်မြို့ တလိုင်းစုရပ်ကွက်တွင် ဘော်ဒါအုပ်၊ ဘော်ဒါထိန်းသင်တန်း ကို ၂၉၊၄၊၂၀၁၆ မှ ၁၊၅၊၂၀၁၆ အထိ (၃)ရက်တာ ကျင်းပပြုလုပ်ခဲ့ပါသည်။ ဤသင်တန်းကို မော်လမြိုင်သာသနာ မြိတ်မြို့တိုက်နယ်မှ ဘော်ဒါထိန်းသော စစ္စတာရ်များနှင့် ဆရာမများတက်ရောက်ကြပါသည်။ သင်တန်း၏ ရည်ရွယ်ချက်ကို မော်လမြိုင်သာသနာ ဘော်ဒါကျောင်းများကို ကြည့်ရှုနေရသောသူများအတွက် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ပါသည်။ သင်တန်းအတွင်း သင်ခန်းစာများမှာ ကလေးဥပဒေ၊ ကလေးအခွင့်အရေး၊ ကလေး ဖွံ့ဖြိုးမှု၊ ကလေးများ၏သင်ယူမှုနှင့် အပြစ်ဒဏ်ပေးခြင်းစသော သင်ခန်းစာခေါင်းစဉ်များကို ဆွေးနွေးပို့ချခဲ့ပါသည်။ မော်လမြိုင်သာသနာ (DCE) ပညာရေးတာဝန်ခံ ဖာသာရ်ဩဂုတ်စတင်းရွှေမှဦးစီးဆောင်ရွက်ခြင်း ဖြစ်ပါသည်။ သင်းတန်းကို မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာတော်များ၏ကျောင်းတိုက် (CBCM) ရန်ကုန် (ECE) ပညာရေး ကော်မရှင်မှ ဆရာမဒေါ်ခင်ဌေးမူနှင့် Bro.Blaise တို့ကလည်းသွားရောက်ကာ ကူညီပေးခဲ့ပါသည်။

## ကလေးသာသနာ

ကလေးသာသနာ၌ (၄ - ၈၊၅၊၂၀၁၆) ထိ ဘော်ဒါအုပ်/ ထိန်း သင်တန်းကို ပြုလုပ်ခဲ့ပါသည်။ သင်တန်းကို ကလေးသာသနာ မှ ဖာသာရ် အန်ဒြူးက ဦးဆောင်ကာ ဤသင်တန်းကိုလည်း ရန်ကုန် (ECE)မှ Teacher Iren, ဆရာမလူခရစ်ရှာ ဒေါ်နော်ကြူခင်နှင့် ဆရာမိုးဇက်တို့က သွားရောက်ကာ ပါဝင်ကူညီ၍ ဘော်ဒါအုပ်/ ထိန်းဆိုင်ရာအကြောင်းအရာများကိုလည်း ဆွေးနွေးပို့ချခဲ့ပါသည်။

## မြစ်ကြီးနားသာသနာ

မြစ်ကြီးနားသာသနာ၌လည်း ဘော်ဒါအုပ်၊ ဘော်ဒါထိန်းသင်တန်းကို (၁၁ - ၁၆၊၅၊၂၀၁၆) တွင် ဆက်လက်ပြုလုပ်ကြပါသည်။ သင်တန်းကို စစ္စတာရ် အန်ဂျေလား (S.F.X) နှင့် မြစ်ကြီးနားသာသနာမှ ဆရာမရီဇားတို့က ဦးဆောင်ကာ ပြုလုပ်ကြပါသည်။ ဤသင်တန်းကို ရန်ကုန်(ECE)မှ Teacher Iren, ဆရာမလူခရစ်ရှာဒေါ်နော်ကြူခင် တို့ကသွားရောက်ကာ ဆွေးနွေးပို့ချခဲ့ပါသည်။






# မေလစိပ်ပုတီးစိပ်အပိတ်မစ္ဆားပြုလုပ်

မေလ (၃၁) ရက်နေ့၊ ညနေ ၄ း ၃၀ နာရီ၊ လားရှိုးမြို့ ရပ်ကွက် (၂)ရှိ ယေဇူးရှင်နှလုံးတော်ဘုရားကျောင်း တွင် မေလစိပ်ပုတီးစိပ်ခြင်းအပိတ်မစ္ဆားကိုလားရှိုးတိုက်နယ်ကျောင်းထိုင်ဘုန်းတော်ကြီး ဖိဒဲလ်လစ်ဖော်နန်ကဦးဆောင် ကျင်းပခဲ့ပါသည်။ ၄င်းပွဲသို့ ဘုန်းတော်ကြီး (၆) ပါး၊ စစ္စတာရ် (၂၆) ပါးနှင့် မယ်တော်ကိုချစ်သောဘာသာဝင် (၇၀၀) ခန့်ပါဝင်ခဲ့ကြသည်။ကျောင်းထိုင်ဘုန်းတော်ကြီးမှ သဒ္ဓါကြည်ညိုခြင်းနှင့်ပတ်သက်သောအကြောင်းအရာကို အကျယ်တဝင့်ရှင်းလင်းဝေမျှဟောပြောခဲ့ပါသည်။ မစ္ဆားတရားတော်မြတ်နှင့်စတင်ပြီးစိပ်ပုတီးတစ်ကုံးစိပ်ကာ တက်ရောက်ပါဝင်ကြသူများအားလုံး ဆီမီးတစ်တိုင်၊ နှင်းဆီတစ်ပွင့်စီ မယ်တော်ထံဆုပန်ပူဇော်ခဲ့ကြကြောင်းအကျိုးဆောင်ဦးဂျိုးဇက်ထံမှသိရှိရပါသည်။



# စစ်ကိုင်းမြို့ခရစ္စယာန်တို့အား မှိုင်းမတော်မူသော မယ်တော်သခင်မ ဘုရားကျောင်းပွဲ ကျင်းပခြင်းသတင်း

**စစ်ကိုင်း**



စစ်ကိုင်းမြို့ ခရစ္စယာန်တို့အား မှိုင်းမတော်မူသော မယ်တော်သခင်မဘွဲ့ အမည်ခံ ဘုရားကျောင်းပွဲတော်ကို ၂၈၊၅၊ ၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ပွဲတော်မစ္ဆားတရားကို ဘုန်းတော်ကြီးဂျွန်မောင်ဆန်းမှ ဦးဆောင်ကာ မန္တလေးသာသနာအတွင်းမှ ဘုန်းတော်ကြီးများ၊ သီလရှင်များ၊ ကိုရင်များနှင့် ရပ်ဝေးရပ်နီးမှ ဘာသာတူများပါဝင်ခဲ့ကြပါသည်။ မစ္ဆားတရား၌ ဘုန်းတော်ကြီး Solomon မှ ဩဝါဒပေးရာတွင် မယ်တော်သည် သနားကြင်နာတတ်သူဖြစ်ကြောင်း၊အများ သူငှါအား ကူညီပေးတတ်သူဖြစ်ကြောင်း၊ မယ်တော်သည် သူမ၏ဘဝ၌သခင်ယေရှုကိုအတုယူကာ နေထိုင်ခဲ့သူဖြစ်ကြောင်း ၊ မယ်တော်ကိုချစ်သည့် မယ်တော်၏သားသမီးများကလည်းမယ်တော်ကဲ့သို့ အများသူငှါအား သနားကြင်နာတတ်သူဖြစ်ရန်လိုကြောင်း၊ ကူညီတတ်ရန်လိုကြောင်း၊ ကိုယ့်အပေါ်မှာ ဘယ်လောက်ပဲဆိုးဆိုး ၊ ဘယ်လောက်ပဲ မကောင်းသည်ဖြစ်စေ၊ ဘယ်လောက်ပဲရန်ငြိုးရှိပါစေ ကူညီတတ်ရန်လိုကြောင်း၊ မယ်တော်၏သားသမီးများ ဒီနေ့မှ စတင်ကာတစ်ပါးသူအပေါ်မှာကြင်နာတတ်သော ကူညီသောသူများ ဖြစ်နိုင်ကြပါစေဟု ဩဝါဒတရားရေအေး တိုက်ကျွေးခဲ့ပါသည်။

မစ္ဆားတရားအပြီးတွင် ကျောင်းထိုင်ဘုန်းတော်ကြီး Peter Mg Shwe မှ ပွဲတော်ကိုဖြစ်မြောက်အောင် အဘက်ဘက်မှ ကူညီပေးခဲ့ကြသူများ အလှူရှင်များနှင့် ပွဲတော်သို့လာရောက်သူများအားလုံးအားကျေးဇူးတင်ကြောင်းကိုပြောကြားခဲ့ပါသည်။

စစ်ကိုင်းမြို့ရှိ ခရစ္စယာန်တို့အားမှိုင်းမတော်မူသော မယ်တော်သခင်မ ဘုရားကျောင်းပွဲကို ကျင်းပပြုလုပ်ခဲ့ရာယခု (၃၃) ကြိမ်မြောက်ရှိပြီဖြစ်သည်ဟု သိရှိရသည်။ **Pinky (MDY-OSC)**

# မန္တလေးကက်သလစ်သာသနာအတွင်းရှိ ကျန်းမာရေးကော်မရှင်အဖွဲ့မှရွှေဘိုမြို့နယ် ရှာတော်ကျေးရွာသို့ ကျန်းမာရေးဝန်ဆောင်မှု သွားရောက်ပြုလုပ်ပေးခြင်းသတင်း

**ရှာတော် ကျေးရွာ**



မန္တလေးကက်သလစ်သာသနာအတွင်းရှိ ဘုန်းတော်ကြီး ဒေါမိနစ်သီဟ ဦးဆောင်သော ကျန်းမာရေးကော်မရှင်အဖွဲ့သည် မေလ၂၈၊၅၊၂၀၁၆ ရက်နေ့က မန္တလေးမြို့ မှ ရွှေဘိုမြို့နယ် ရှာတော်ကျေးရွာသို့ ကျန်းမာရေးဝန်ဆောင်မှုများကိုသွားရောက် ပြုလုပ်ပေးခဲ့ကြသည်ဟု ကျန်းမာရေးကော်မရှင် အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒေါ်ကြူကြူခင်ထံမှ သိရှိခဲ့ရပါသည်။ ရှေးဦးစွာ ဘုန်းတော်ကြီး သီဟမှ ကျန်းမာရေးဗဟုသုတအဖြစ် အစားအစာများတွင် ဆိုးဆေးများပါဝင်ကြောင်း၊ မပုတ်မသိုးအောင်စီမံပြုလုပ်ထားမှုများ၊ ကော်ဖီမစ်များသည်လည်း အတုအပများ ထွက်ပေါ်နေကြောင်း၊ပြန်ကြော်ဆီများသည်လူသားများအတွက် ဘေးဥပါဒ်ရှိကြောင်း၊စားအုန်းဆီအကြောင်းစသည့် ကျန်းမာရေးဗဟုသုတများအား အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်ဟုသိရှိရပါသည်။ဒေါက်တာနေမျိုးသူမှလည်း သွားကျန်းမာရေးအတွက်သွားများအား သန့်ရှင်းရေးစနစ်တကျပြုလုပ်ပုံ၊ သွားတိုက်ပုံစနစ်ကျမှန်ကန်စေရေး၊ ကွမ်းစားခြင်းကြောင့်ဖြစ်ပေါ်လာမည့် သွားကျန်းမာရေးအကြောင်းများကို လက်တွေ့ပြသကာ ဟောပြောခဲ့သည်ဟုလည်းသိရှိရပါသည်။ ရှာသူရှာသားများအား ကျန်းမာရေးဆိုင်ရာ ဗဟုသုတ မေးခွန်းများမေးကာ အဖြေမှန်သူများအားသွားတိုက်ဆေး အစရှိသောလက်ဆောင်များဖြင့်ဆုချခဲ့သည်ဟုလည်း သိရှိရပါသည်။ အဆိုပါ ကျန်းမာရေး ကော်မရှင်အဖွဲ့၏ အထွေထွေကျန်းမာရေးဆိုင်ရာဆေးကုသမှုကို ရှာတော်ကျေးရွာရှိ ရွာသူရွာသား (၃၀၀)ကျော်မှ လာရောက်ကုသမှုခံယူခဲ့ကြသည် ဟုလည်း သိရှိရသည်။ အထွေအထွေရောဂါကု ဆရာဝန် (၂)ဦး၊ သွားဘက်ဆိုင်ရာ ဆရာဝန်(၈)ဦး၊ ဓါတ်ခွဲခန်း ဆရာဝန်(၂)ဦးနှင့်သူနာပြုများအပါအဝင် အယောက်(၂၀)တို့မှဆေးကုသမှုကိုပြုလုပ်ပေးသည်ဟုသိရသည်။

# ထာဝရရဟန်းသိက္ခာခံယူခြင်းအခမ်းအနားနှင့် ခရစ္စတီယာန်တို့အား မှိုင်းမတော်မူသော မယ်တော်ပွဲကျင်းပခြင်းသတင်း

**ချောင်းရိုးရွာ**

ခရစ္စတီယာန်တို့အားမှိုင်းမတော်မူသော မယ်တော်သခင်မပွဲတော်ကို ချောင်းရိုးရွာတွင် ၂၄၊၅၊၂၀၁၆ ရက်နေ့ညနေ၌ ကျင်းပပြုလုပ်ခဲ့ကြပါသည်။ ပွဲတော်သို့ မန္တလေးကက်သလစ် ဂိုဏ်းချုပ်သာသနာမှဆရာတော်ကြီး နီကောလားစ်မန်ထန်းနှင့် မန္တလေးသာသနာအတွင်းရှိ ဘုန်းတော်ကြီးများသီလရှင်များ၊ ကိုရင်များနှင့် ရပ်ဝေးရပ်နီးမှ ဘာသာတူများ ပါဝင်ခဲ့ကြပါသည်။ ပွဲတော် မစ္ဆားတရားတော်မြတ်ကို ဆရာတော်ကြီး နီကောလားစ် မန်ထန်းမှဦးဆောင်ကာ ပူဇော်ခဲ့ပါသည်။ မစ္ဆားတရားအပြီးတွင် မယ်တော်ဆင်းတုနှင့်ရွှေနှလုံးတော်ဆင်းတို့ဖြင့် ရွာအတွင်းစီတန်းလှည့်လည်ကာဆုတောင်းခဲ့ကြပါသည်။ ညပိုင်းတွင် တစ်နာရီကိုယ်တော်မြတ်ကိုးကွယ်ခြင်း၊ အာပတ်ဖြေခြင်း၊ ကိုယ်တော်မြတ်ကောင်းချီးဖြင့် အဆုံးသတ်ခဲ့ပါသည်။ ၂၅၊၅၊၂၀၁၆ရက်နေ့တွင် မန္တလေးကက်သလစ်ဂိုဏ်းချုပ် ဆရာတော်ကြီး နီကောလားစ်မန်ထန်း လက်တော်မှ ဦးပဥ္စင်းကြီးဂျွန်ပေါလ်ကျော်သူဝင်း၏ ထာဝရ ရဟန်းသိက္ခာခံယူခြင်း အခမ်းအနားကို ပြုလုပ်ခဲ့ကြပါသည်။သိက္ခာတင်ပွဲအပြီးတွင်ချောင်းရိုးရွာရှိ ကိုယ်တော်မြတ်ကျောင်းဆောင်သစ်ကို ဂိုဏ်းချုပ်ဆရာတော်ကြီး နီကောလားစ်မန်ထန်းမှကောင်းချီးပေးကာ ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပါသည်။ ညပိုင်းတွင်MCYC တီးဝိုင်း၏ ဖျော်ဖြေတင်ဆက်မှုဖြင့် အဆုံးသတ်ခဲ့ပါသည်။ **Pinky(MDY-OSC)**



# ကရုဏာမြန်မာမန္တလေးရုံးမှ သဘာဝဘေးဒဏ်ခံခဲ့ရသူမိသားစုများအား ကူညီထောက်ပံ့ခြင်း



စဥ့်ကိုင်မြို့နယ်၊ ညောင်ပင်သာကျေးရွာ၊ အေးငြိမ်းသာယာခန်းမ၌ မန္တလေးကက်သလစ်ဂိုဏ်းချုပ် သာသနာအတွင်းရှိ ကရုဏာလူမှု စည်းလုံးညီညွတ်ရေးအသင်း (မန္တလေးရုံး)မှ ဧပြီလအတွင်းကဖြစ်ပေါ်ခဲ့သော မိုးသီးမုန်တိုင်းကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သောမိသားစုများအားထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းခြင်းကို ဇွန်လ (၆)ရက်နေ့လည်ပိုင်းတွင် ပြုလုပ်ခဲ့ကြပါသည်။

ပထမဦးစွာ ညောင်ပင်သာကျေးရွာမှ ကရုဏာမြန်မာစည်းလုံးညီညွတ်ရေးအဖွဲ့၏ တာဝန်ခံဦးဝင်းနိုင်မှအခုလို"ကျွန်တော်တို့ရွာလေးကို သဘာဝဘေးဒဏ်ကျရောက်ခဲ့ချိန်မှာ ကူညီပေးလာတဲ့ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအဖွဲ့ကိုကျေးဇူးတင်ပါတယ်။ မိုးသီးမုန်တိုင်းကျတဲ့အချိန်သွပ်တွေလန်သွားတယ်။ အဲဒီအချိန်မှာ ကျွန်တော်ကရုဏာရုံးကို ဖုန်းဆက်ပြီး အကူညီတောင်းခဲ့ပါတယ်။ နောက်ရက်ချက်ခြင်း ရောက်လာခဲ့ကြပါတယ်။ လာကြည့်ပြီးသူတို့စိတ်မကောင်းစွာ ပြန်သွားခဲ့ကြတယ်၊ နောက်ရက်ပြန်ရောက်လာပြီး ပျက်စီးသွားတဲ့ နေရာတွေလိုက်ကြည့်ပြီး စာရင်းယူသွားပါတယ်။ သူတို့တတ်နိုင်သလောက်ကူညီပေးပါမယ်ဆိုပြီး ပြောသွားတယ်။ အခုလိုလာရောက် ကူညီပေးတဲ့အတွက် ညောင်ပင်သာရွာသူရွာသားအားလုံးရဲ့ကိုယ်စား ကျေးဇူးတင်ပါတယ်" ဟုပြောကြားခဲ့သည်။ ဆက်လက်ပြီးကရုဏာလူမှုစည်းလုံးညီညွတ်ရေးမှ လက်ထောက်ဒါရိုက်တာကိုမင်းဟန်ထူးမှလည်း"ညောင်ပင်သာကျေးရွာမှာကြုံတွေ့ခဲ့ရတဲ့ သဘာဝဘေးအန္တရာယ်ကို တတ်နိုင်သလောက်လာရောက်ကူညီပေးတာပါ။ ညောင်ပင်သာကိုလာရောက်ကူညီပေးတာဟာ ကရုဏာမန္တလေးရုံးရဲ့ ကဏ္ဍငါးခုထဲကတစ်ခု အပါအဝင်ဖြစ်တဲ့ သဘာဝဘေးဒဏ် ခံစားရသူများအား ကူညီပေးတဲ့ ကဏ္ဍကနေပြီး ကူညီ တာဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့ကနိုင်ငံရေး၊ဘာသာရေး၊ဆွဲဆောင်တဲ့အဖွဲ့မဟုတ်ပါဘူး။လူမှုရေးအနေနဲ့ လုပ်ဆောင်နေတဲ့အဖွဲ့အစည်းတစ်ခုသာ ဖြစ်ပါတယ်။ အဓိကက သဘာဝဘေးအန္တရာယ်နှင့်ရင်ဆိုင်ကြုံတွေ့နေရတဲ့ ဒီဒေသကလူတွေအတွက်ရည်ရွယ်ပြီး လူမှုရေးလုပ်ငန်းတွေကိုလုပ်ဆောင်ပေးတာပဲဖြစ်ပါတယ်။ အဓိကကတော့ တစ်ဦးတစ်ယောက်ချင်း၊ တစ်မိသားစုချင်း၊ ညောင်ပင်သာကျေးရွာတစ်ရွာလုံးဖွံ့ဖြိုး တိုးတက်လာစေဖို့အတွက် ရည်ရွယ်ချက်နှင့် တတ်နိုင်သလောက်လာရောက်ပြီး ကူညီပေးခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့်မို့ကျွန်တော်တို့ကရုဏာလူမှုရေးအဖွဲ့အစည်းရဲ့ရှေ့ဆက်လုပ်ဆောင်မယ့် အများအကျိုးနဲ့ သက်ဆိုင်တဲ့လုပ်ငန်းတွေမှာလည်းညောင်ပင်သာကျေးရွာမှရွာသူရွာသားများကနေ ဝိုင်းဝန်းပါဝင်ပူးပေါင်း လုပ်ဆောင်ပေးကြပါ" ဟုပြောကြားခဲ့ပါသည်။

ကရုဏာမြန်မာ သဘာဝဘေးအန္တရာယ်ကဏ္ဍမှတာဝန်ခံ ကိုသန်းမင်းထွန်းမှလည်း ကျွန်တော်တို့အဖွဲ့ဟာ အလှူရှင်အဖွဲ့စည်းမဟုတ်ပါဘူး။ ကျွန်တော်တို့ဟာတစ်ဘက်မှာကူညီလိုအပ်နေတဲ့သူများနဲ့ ကူညီပေးချင်နေသူများကို ချိတ်ဆက်ပေးတဲ့ပေါင်းကူးတံတားအဖွဲ့အစည်းလေး တစ်ခုသာဖြစ်ပါတယ်။ ကျွန်တော်တို့ ကရုဏာရုံးဟာ မြန်မာနိုင်ငံမှာ ရုံးခွဲပေါင်း(၁၇)ရုံးနှင့်ဝန်ထမ်းပေါင်း (၆၀၀)ကျော်ဖြင့် လည်ပတ်နေပါတယ်။ကရုဏာရုံးအနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို လုပ်ဆောင်ပေးနေတဲ့အဖွဲ့စည်းတစ်ခုဖြစ်ပါတယ်။

ကျွန်တော်တို့က ကိုးကွယ်ယုံကြည်ရာဘာသာတွေမတူညီသော်လည်း အတူတကွလက်တွဲလုပ်ဆောင်ကြတယ်။ ပူးပေါင်းဆောင်ရွက်ကြတယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာလည်း အတူတကွလက်တွဲ လုပ်ဆောင်လို့ရပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့ ကရုဏာလူမှုရေးအဖွဲ့စည်းအနေနှင့် ညောင်ပင်သာရွာကိုလာရောက်ကူညီပေးခြင်းပဲဖြစ်ပါတယ်" ဟုပြောကြားခဲ့သည်။

ညောင်ပင်သာကျေးရွာ လူမှုရေး ဥက္ကဋ္ဌ ဦးမြင့်ဆွေမှလည်း"ကျွန်တော်တို့အနေနှင့် အခုလိုမျိုးလာရောက်ကူညီပေးတဲ့အတွက် ဝမ်းပန်းတသာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့သဘာဝမိုးသီးမုန်တိုင်းကျရောက်တဲ့အချိန်မှာ ကရုဏာ လူမှုစည်းလုံးညီညွတ်ရေး အဖွဲ့ကနေ လူတစ်ဦးလျှင်တစ်လစာဆန်ခြောက်ပြည်နှင့်ခြောက်လုံး၊ ဆီ ငါးဆယ်သား၊ ဆား တစ်ဆယ့်ငါးကျပ်သား၊အမိုးလန်သွားတဲ့အိမ်တွေကို သွပ်မိုး၊ ဝါးလှူဒါန်း ပေးကြတဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟုပြောပြခဲ့ပါသည်။

ညောင်ပင်သာကျေးရွာသူ မနုနုလွင်မှလည်း "မိုးသီးမုန်တိုင်းကြောင့် အိမ်ခေါင်မိုးတွေလန်သွားတာ ယခုချိန်ထိ မမိုးနိုင်သေးဘူး၊ အခုလိုကရုဏာရုံးက စားစရာအပြင်သွပ်မိုး၊ ဝါးပါ လာလှူတဲ့အတွက် ကျေးဇူးတင်ပါတယ်။ မိုးကြောင့် ယာတွေလည်းပျက်စီးသွားတော့ လုပ်စားစရာကမရှိသေးဘူး၊ မိသားစုက လေးဦးရှိတယ်။ အခုတစ်လစာ လာရောက်လှူပေးတဲ့ဟာလေးနဲ့ပဲ စားရမှာဖြစ်ပါတယ်" ဟုပြောပြခဲ့သည်။

ကရုဏာ လူမှုစည်းလုံးညီညွတ်ရေး (မန္တလေး)ရုံးသဘာဝဘေးအန္တရာယ်ကဏ္ဍမှ စဥ့်ကိုင်မြို့နယ် ညောင်ပင်သာကျေးရွာတွင် မိုးသီးမုန်းတိုင်းဒဏ်ကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော မိသားစုများအား လူတစ်ဦးလျှင်တစ်လစာ ဆန်ခြောက်ပြည်နှင့်ခြောက်လုံး၊ ဆီ ငါးဆယ်သား၊ ဆား တစ်ဆယ့်ငါးကျပ်သား၊လူဦးရေ (၆၀၇)ဦး၊ အိမ်ခြေ(၈)အိမ်၊ သွပ် (၁၂၇)ချပ်၊ ဝါး (၈၀)လုံးအား ပံ့ပိုးကူညီ ပေးခဲ့ပါသည်။

Pinky (MDY-OSC)

# ကျောက်ဆည်မြို့နယ် သင်္ဂတုံကျေးရွာသို့ ကရုဏာလူမှုစည်းလုံးညီညွတ်ရေးမှ မိုးသီးမုန်တိုင်းဒဏ်ကြောင့် ပျက်ဆီးသွားသော မိသားစုများအား သွားရောက်ထောက်ပံ့ကူညီပေးခြင်းသတင်း

ဇွန်လ (၆)၊ ၂၀၁၆ ရက်နေ့က ကျောက်ဆည်မြို့နယ်၊သင်္ဂတုံကျေးရွာသို့ ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်းမှ သဘာဝဘေးအန္တရာယ်ကဏ္ဍမှ တာဝန်ရှိသူများက သွားရောက် ထောက်ပံ့ကူညီခြင်းကိုပြုလုပ်ခဲ့ပါသည်။ အဆိုပါထောက်ပံ့ကူညီခြင်းအခမ်းအနားကို ကျောက်ဆည်ခရိုင်လွှတ်တော်အမတ်ဦးရဲမင်းထွန်း၊ ကရုဏာဒါရိုက်တာ ဘုန်းတော်ကြီးCyril မြင့်စိုး၊ လက်ထောက်ဒါရိုက်တာ ကိုမင်းဟန်ထူး၊ သဘာဝပတ်ဝန်းကျင်အရေးပေါ်တုန့်ပြန်ရေးကဏ္ဍမှ တာဝန်ခံကိုသန်းမင်းထွန်းနှင့် ကရုဏာရုံးမှ ဝန်ထမ်းများ၊ သင်္ဂတုံကျေးရွာမှ ရပ်ရွာကော်မတီဝင်များနှင့် ရွာသူရွာသားများပါဝင်တက်ရောက်ခဲ့ကြပါသည်။ ပထမဦးစွာ ကျောက်ဆည်ခရိုင်လွှတ်တော်အမတ် ဦးရဲမင်းထွန်းမှ အမှာစကားပြောကြားရာတွင် "ကျွန်တော်ကိုယ့်ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေလုပ်ဆောင်ပေးရမလဲဆိုတာ အမြဲစဥ်းစားပါတယ်။ ကျွန်တော်လွှတ်တော်အမတ်ဖြစ်လာတာလည်း ဒီရွာက မိဘပြည်သူတွေကြောင့်ပါ။ ကျွန်တော့်ကို ရင်းရင်းနှီးနှီးဆက်ဆံပါ။ ရွာရဲ့လိုအပ်တာတွေကိုပြောပြလို့ရပါတယ်။ အခု မိဘပြည်သူတွေဆီကနေ ကောက်ခံလို့ရတဲ့ အခွန်တွေကိုနိုင်ငံတော်လူတွေကမသုံးဘဲ လမ်း၊ တံတားပြုပြင်မယ့်နေရာတွေမှာ အသုံးပြုသွားမှာဖြစ်ပါတယ်။ အခုကျွန်တော်တို့လူကြီးတွေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာတွေကိုဆင်းနေပါတယ်။ ရွာတွေကိုဆင်းပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ရံပုံငွေကနေရွာရဲ့ဒေသဖွံ့ဖြိုးတိုးတက်ရေးတွေကို လုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးရေးတွေကို ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟုပြောကြားခဲ့ပါသည်။**(အဆက်စာမျက်နှာ...(၁၈)သို့)**

# မြန်မာနိုင်ငံလုံးဆိုင်ရာပထမဦးဆုံးဓမ္မတေးသီချင်းဆိုပြိုင်ပွဲ

မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ် လူထုဆက်သွယ်ရေးကော်မရှင်နှင့်လူငယ် ကော်မရှင်တို့၏ ဦးစီး ဦးဆောင်မှုဖြင့် "TRINTA STAR" သီချင်းဆိုပြိုင်ပွဲကို ဆက်လက်ပြုလုပ်နေပါသည်။သီချင်းဆိုပြိုင်ပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များမှာ ၂၀၁၆ ခုနှစ် မေလ(၈)ရက်နေ့တွင် ကျရောက်သော (၅၀)ကြိမ်မြောက် ကမ္ဘာ့လူထုဆက်သွယ်ရေးနေ့ကို ဂုဏ်ပြုခြင်း နှင့် "အနုပညာရှင်များသည် လုပခြင်းကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သူများ၊ လူသားထုအတွက်မျှော်လင့်ချက်၏ သက်သေခံသူများ၊ ကြေငြာဟောပြောသူများ" ဖြစ်ကြောင်းကိုနလုံးမူကာ ဘုရားသခင်၏ဘုန်းဂုဏ်တော်နှင့် အများကောင်းကျိုး သယ်ပိုးဆောင်ရွက်နိုင်စွမ်းရှိသည့် ကက်သလစ် အနုပညာရှင်များစွာ ထွက်ပေါ်လာစေရန် ရည်ရွယ်ပါသည်။ သီချင်းဆိုပြိုင်ပွဲကို (၁)။ ဂိုဏ်းအုပ်သာသနာအဆင့် (၂)။ ဂိုဏ်းချုပ်သာသနာအဆင့် နှင့် (၃)။တစ်နိုင်ငံလုံးဆိုင်ရာ ဗဟိုအဆင့်ဟူ၍ အဆင့်သုံးဆင့်ခွဲကာ ယှဉ်ပြိုင်နေကြပါသည်။ ဂိုဏ်းအုပ်သာသနာ(ပထမ)အဆင့်များ ဂိုဏ်းချုပ်သာသနာ(ဒုတိယ)အဆင့်တို့ကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။

မန္တလေးဂိုဏ်းချုပ်သာသနာ (ဒုတိယ)အဆင့်ကိုပြင်ဦးလွင်မြို့၊ ရဟန်းဖြစ်သင်ကျောင်းတွင် (၈၊၅၊၂၀၁၆)၌ ကျင်းပခဲ့ပါသည်။ ပြိုင်ပွဲတွင်စီစစ်ရွေးချယ်ပေးသော ဒိုင်လူကြီး များမှာ ကိုဆေရယ်၊ ကိုဖရယ်ဒီနှင့် ကိုစောနိုအဲလ် တို့ဖြစ်ကြသည်။ အရွေးခံရသော မျိုးဆက်သစ်တေးသံရှင်များမှာ ၁။ မစင်းနူးပန်(မန္တလေးသာသနာ) ၂။ မမာဂရက်အေးမာ (မန္တလေးသာသနာ) ၃။မဂျူးစပင်းထွေး(ကလေးသာသနာ) ၄။ မနဒီမောင်မောင်ဌေး (မန္တလေးသာသနာ) ၅။မဂျူစပင်းကော့နန်(ဗန်းမော်သာသနာ) ၆။မဟယ်လင် ဆိုင်းလဲန်းလု (ဗန်းမော်သာသနာ) ၇။မောင်ဖိုးလုံး(မန္တလေးသာသနာ) ၈။မောင်ရောဘင် (လားရှိုးသာသနာ)၉။မောင်သောမတ်စ်လျန်း (ကလေးသာသနာ) ၁၀။ ဇော်သိန်းအောင် (ဗန်းမော်သာသနာ)တို့ဖြစ်ကြသည်။

မြစ်ကြီးနာသာသနာနှင့် ဟားခါးသာသနာများမှ ပါဝင်ယှဉ်ပြိုင်ခြင်းမရှိပါ။

**မန္တလေးဂိုဏ်းချုပ်သာသနာ**



**တောင်ကြီးဂိုဏ်းချုပ်သာသနာ**



တောင်ကြီးဂိုဏ်းချုပ်သာသနာ(ဒုတိယ)အဆင့်ကို လွိုင်ကော်မြို့တွင်(၂၅၊၅၊၂၀၁၆) နေ့၌ အောင်မြင်စွာ ကျင်းပခဲ့ရာ ရွေးချယ်ထားသော ဆန်ကာတင်(၁၀)ဦးတို့မှာ (၁)။မမေရီ (တောင်ငူသာသနာ)၊ (၂)မောင်အန်ဒြူး (တောင်ငူသာသနာ)၊ (၃)မောင်မားရီယိုမြင့်မြင့်သူရ (ကျိုင်းတုံသာသနာ)၊ (၄)မောင်ပီတာ နေလင်းထွန်း (ကျိုင်းတုံသာသနာ)၊ (၅)မောင်တိုးတိုး (ဖယ်ခုံသာသနာ)၊ (၆)မထရေးဇာ (ဖယ်ခုံသာ သနာ)၊ (၇)မောင်မြင့်ဇော်(ဖယ်ခုံသာသနာ)၊ (၈)မမီးမီး(လွိုင်ကော်သာသနာ)၊ (၉)မောင်ဖရေးဒို (လွိုင်ကော်သာသနာ) နှင့် (၁၀)မသဲသဲ(လွိုင်ကာ် သာသနာ) တို့ဖြစ်ကြပါသည်။ ပြိုင်ပွဲတွင် စီစစ်ရွေးချယ်ပေးသော ဒိုင်လူကြီးများမှာ ကိုဆေရယ်၊ ကိုဂျင်ပိ(Bass) နှင့် ကိုထက်အောင်တို့ ဖြစ်ကြသည်။

**ရန်ကုန်ဂိုဏ်းချုပ်သာသနာ**



ရန်ကုန်ဂိုဏ်းချုပ်သာသနာအတွက် ဒုတိယအဆင့်ကို စိန်ပီတာနှင့်စိန်ပေါလ် ကျောင်းတွင်(၂၈ ၊ ၅ ၊ ၂၀၁၆)၌ ကျင်းပရာတွင် ရွေးချယ်ခံရသူများမှာ ၁။ဆလိုင်း လှသွေးဉာဏ (ပြည်သာသနာ)၊ ၂။မရွှန်းမို့မို့လွင် (ရန်ကုန်သာသနာ)၊ ၃။မောင်ကောင်း (ရန်ကုန်သာသနာ)၊ ၄။စနော်ဇ(ပုသိမ်သာသနာ)၊ ၅။ မောင်ဖရန်စ္စကို (မော်လမြိုင် သာသနာ)၊ ၆။မပက်ထရီးရှား ဇင်မင်းလှိုင်(ရန်ကုန်သာသနာ)၊ ၇။မောင်အာလ်ဘီနာစိန်ကိုချစ်(ပုသိမ်သာ သနာ)၊ ၈။စောမိုင်ကယ်လ်(ရန်ကုန်သာသနာ)၊ ၉။ဆိုဖီးယား(ရန်ကုန်သာသနာ)နှင့် ၁၀။ဆိုဖီးယားနန့်လှမြတ်မွန်(ပုသိမ်သာသနာ) အသီးသီးတို့ ဖြစ်ကြသည်။ ပြိုင်ပွဲတွင်၏ ဒိုင်လူကြီးများမှာ ကိုဆေရယ်၊ ကိုမြတ်နိုးဟန်၊ ကိုဆိုင်းနော်နှင့်ကိုသားကြီးတို့ဖြစ် ကြပါ သည်။

တတိယအဆင့်သီချင်းဆိုပြိုင်ပွဲအတွက်ရန်ကုန်ဂိုဏ်းချုပ်သာသနာ၊ မန္တလေးဂိုဏ်းချုပ်သာသနာနှင့် တောင်ကြီး ဂိုဏ်းချုပ်သာသနာသုံးခုမှ တေးသံရှင် အယောက်(၃၀) တို့သည် ၁၆ ဇူလိုင်လ၂၀၁၆ ရက်နေ့တွင် တတိယအဆင့်၏ ပထမအကျော့ကို ယှဉ်ပြိုင် ကြရမည်။ထိုပြိုင်ပွဲတွင် အယောက်(၃၀)ထဲမှ(၁၀)ဦးရွေးချယ်မည်ဖြစ်သည်။

(၂၄)ရက်၊ ဇူလိုင်လ ၂၀၁၆ နေ့၌ တတိယအဆင့်၏ ပထမအကျော့တွင် ရွေးချယ်ခံရသော(၁၀)ဦးတို့သည် တတိယအဆင့်၏ဒုတိယအကျော့ယှဉ်ပြိုင်ကြရမည်။ ထိုပြိုင်ပွဲတွင် နောက်ဆုံးဆန်ကာတင်(၅)ဦးကို ရွေးချယ်မည်ဖြစ်ပါသည်။

တတိယအဆင့်၏ပထမအကျော့နှင့် ဒုတိယအကျော့ပြိုင်ပွဲများအတွက် ကြိုက်နှစ်သက်သော ကက်သလစ် ဓမ္မသီချင်းထဲမှရွေးယူနိုင်သည်။ မိမိရွေးယူထားသောသီချင်းနှစ်ပုဒ်ကိုCDဖြင့်ကူးယူကာ မိမိတို့၏သာသနာလူထုဆက်သွယ်ရေးတာဝန်ခံများထံမှတစ်ဆင့် CBCM-OSC ရုံးသို့ ဇွန်လ ၁၅ နောက်ဆုံးထား၍ ပို့ပေးရပါမည်။ ထိုပြိုင်ပွဲများကို Keyboard ဖြင့်တီးခတ်ပေးပြီး သီဆိုယှဉ်ပြိုင် ကြရမည်ဖြစ်သဖြင့် keyboard တီးခတ်ပေးရန်ဗဟိုရုံးမှ စီစဉ်ပေးမည်ဖြစ်သည်။ ထိုပြိုင်ပွဲများကို စိန်ပီတာနှင့်စိန်ပေါလ်ဘုရားရှိခိုးကျောင်း၊ အင်းစိန်၊ ရန်ကုန်မြို့တွင် ဆက်လက်ပြုလုပ်မည်ဖြစ်သည်။

နောက်ဆုံးပြိုင်ပွဲကြီးကို(၂၄)ရက်၊ ဩဂုတ်လ ၂၀၁၆ နေ့တွင် နောက်ဆုံးအဆင့် ပထမ၊ ဒုတိယ၊ တတိယ နှင့် နှစ်သိမ့်ဆုရွေးချယ်ခြင်းအတွက် ရန်ကုန်ဂိုဏ်းချုပ် ဆရာတော်ကြီးကျောင်းဝင်းရှိ မိုးလုံခန်းမဆောင်၌ ညနေ(၆)နာရီတွင် တီးဝိုင်းအပြည့်အစုံဖြင့် ယှဉ်ပြိုင်ခြင်းပြုလုပ်မည်ဖြစ်ပါသည်။ (နောက်ဆုံးဆန်ကာတင် (၅)ဦးတို့သည် CCAAမှ ပေးထားသော ဓမ္မသီချင်းအသစ်များကိုသာ ယှဉ်ပြိုင် ကြရမည်ဖြစ်ပြီး ထိုတေးသီချင်းများကို စီးရီးတစ်ခုအဖြစ်ထုတ်လုပ်ပေးမည်ဖြစ်ပါသည်။)

မြန်မာနိုင်ငံလုံးဆိုင်ရာ ပထမဦးဆုံး ဓမ္မတေး Trinita Starသီချင်းဆိုပြိုင်ပွဲကို အောင်မြင်စွာပြုလုပ်ကျင်းပနိုင်ရန် အဘက်ဘက်မှ ကူညီအားပေးသူများအားလုံးကို ကျေးဇူးအထူးတင်လျှက်ရှိပါသည်။ နောက်ဆုံးသီချင်းဆိုပြိုင်ပွဲအထိကောင်းမွန်စွာကျင်းပပြုလုပ်နိုင်ရန်အကြံကောင်းများကို ပေးခြင်းဖြင့်လည်းကောင်း၊ ဆုတောင်းပေး ခြင်းဖြင့်လည်းကောင်း၊ အထူးသဖြင့်ငွေအားဖြင့်လည်းကောင်း ဆက်လက်၍ပံ့ပိုးကူညီပေးကြပါရန် လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။

အားလုံးကိုကျေးဇူးတင်လျက်

Fr. Leo Mang(SDB)

# သမ္မာကျမ်းစာတော်မြတ်ဦးဆောင်သူများသင်တန်း(BFS)



ပြည်သာသနာ၊ ရခိုင်ပြည်နယ် စစ်တွေမြို့၌ သမ္မာကျမ်းစာတော်မြတ် ဦးဆောင်သူများသင်တန်းကို ၂၀၁၆ မေလ (၂၄-၂၈)ရက်နေ့ အထိ ဓမ္မဆရာ/ဆရာမ (၄၄) ဦးတို့ကိုပို့ချပေးခဲ့သည်။ထိုသင်တန်းသည် ပြည်သာသနာအတွက်ပထမဆုံးသင်တန်းဖြစ်သည်ဟု သိရသည်။ သင်တန်းသို့ ပြည်ဂိုဏ်းအုပ် ဆရာတော် Alexander ဦးပြုံးချိုကိုယ်တိုင် ကြွရောက်အားပေးကြောင်းသိရသည်။

သင်တန်းတက်ရောက်သူများမှာ ဘာသာစကား အခက်အခဲအနည်းငယ်ရှိသော်လည်း ကြိုးစား နားထောင်ကြပြီး သင်တန်းတက်ရောက်သူအားလုံးမှလည်း "သင်တန်းတက်ရတာ ဝမ်းသာပါတယ်" ဟုပြောသည်။

သင်တန်းကို ဖာသာရ်ဘော်စကို၊ ဖာသာရ်ဒါနီအဲဒွေးရီ၊ စစ္စတာရ်အက်စတာနှင့်စစ္စတာရ်ကက်သရင်း တို့မှပို့ချခဲ့သည်။ သင်တန်းပို့ချပေးသူ ဖာသာရ် ဘော်စကိုမှလည်း သင်တန်းပို့ချပေး သည့်နေရာတွင် "လေမုန်တိုင်းကြောင့်မီး ပျက်ပြီး အခက်အခဲရှိခဲ့တယ်။အရမ်းပူအိုက်လို့ချွေးထွက်ပြီးအနေရခက်တယ်"သို့သော်လည်း သင်တန်းပေးရခြင်းကို အားရကျေနပ်ပြီး ကျောင်းထိုင်ဘုန်း တော်ကြီးမှာလည်းဧည့်ဝတ်ကျေကြောင်း ပြောသည်။

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီ၊ တိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်မိုးမြတ်သူနှင့်ခရစ်ယာန်အသင်းတော်ခေါင်းဆောင်များတွေ့ဆုံနီးနှောဖလှယ်ခြင်း



ရောဝတီတိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်အောင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ ပါဝင် ထမ်းဆောင်၍ နိုင်ငံတော်အစိုးရ နှင့်လက်တွဲခရီးဆက် အကောင်အထည်ဖော်ခြင်းအစီအစဉ်ကို RCM Bishop House စည်းဝေးခန်းမ (ပုသိမ် စိန်ပီတယ် ကာသီဒြယ်)တွင် ၃၀၊၅၊၂၀၁၆ နေ့ကပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် ပုသိမ်ဂိုဏ်းအုပ် ဆရာတော်ဂျွန်မန်းဆိန်းဟိုမှ အဖွင့်အမှာစကားပြောကြားရာတွင်ခရစ်ယာန်များမှ တိုင်းဒေသကြီး ခေါင်းဆောင်များနှင့်တွေ့ဆုံရခြင်းကြောင့် ဘုရားကိုကျေးဇူး တင်ကြောင်း၊ ဝမ်းမြောက်မိကြောင်း၊ ခရစ်ယာန်အသင်းပေါင်းစုံမှ နိုင်ငံတော်တိုးတက်ဖို့အတွက်တတ်နိုင်တဲ့ဘက်ကဆက်လက်လုပ်ဆောင်ပေးဘို့ တိုက်တွန်းပါသည်ဟု ပြောကြားခဲ့ပါသည်။ ရောဝတီတိုင်းဝန်ကြီးချုပ် မန်းဂျော်နီကလည်း'ယုံကြည်ခြင်းနှင့်ရဲရင့်ခြင်း' အများအကျိုးအတွက်ယုံကြည်ခြင်းကို ကိုင်စွဲကာ လုပ်ဆောင်နေကြောင်း၊ ပြည်သူများ အမှားကို ဝန်ချတောင်းပန်ရဲသောစိတ်ဓာတ်၊ ရိုးသားမှုအကျင့်စာရိတ္တကို အမြဲစွဲကိုင်ဖို့၊ စိတ်ဓါတ်၊ စည်းကမ်း၊ ပညာတွဲလက်ညီဖို့၊ စိတ်ဓာတ်ကို ပထမဦးစွာ ပြုပြင်ကြဖို့၊ အနာဂတ် မျိုးဆက်သစ် လူငယ်များမွန်မြတ်သောစိတ်ဓာတ် တန်ဖိုးရှိသောအချိန်နဲ့အနာဂတ်ကိုစည်းကမ်း ဂုဏ်သိက္ခာရှိရှိ တတ်စွမ်းသောပညာ အလင်းရောင်နှင့် ဘဝမှာ ကြိုးစားကြဖို့လိုကြောင်း၊ အရည်အသွေးမြင့်မားသော လူငယ်များဖြစ်လာရန်သာသနာအသင်းတော်မှာဘော်ဒါထားရှိရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့်အကျင့်စာရိတ္တမြင့်တင်ပေးရန်၊ ပညာရေးကိုဦးစားပေးရန်၊ ခေါင်းဆောင်များ အနာဂတ်ကို ပြုစုပျိုးထောင်ပေးရန်၊ပြောင်းလဲချိန်တန်ပြီ ဆောင်ပုဒ်အတိုင်းမွန်မြတ်သောစိတ်ဓာတ်ကိုပြောင်းလဲလာပြီးဘဝကိုတည်ဆောက်နိုင်ကြအောင်မေတ္တာပို့ပေးကြဖို့တောင်းဆိုသွားပါသည်။

တိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်မိုးမြတ်မြတ်သူကလည်း ကရင်တိုင်းရင်းသားများနိုးကြားတက်ကြွပြီး အမှန်တရားကို ရဲရဲရင့်ရင့်ပြောဆိုရဲဖို့၊ လက်တွဲပေးကြဖို့ ကရင်လူငယ်များ အသောက်အစားမူးယစ်ခြင်းကို ချွတ်ခွာပြောင်းလဲကြဖို့ ကရင့်အနာဂတ် သားကောင်းရတနာများဖြစ်ကြဖို့ ထက်မြက်ထူးချွန်သော ကရင်လူငယ်များဖြစ်လာကြဖို့သေရည်သေရက်ကြောင့် ဘဝမှာ အမျိုးဘာသာရေးရာမ တိမ်မြုပ်ဖို့ စာရိတ္တဘဝမြင့်မားဖို့ အထူးဝိုင်းဝန်းဖေးမကူညီဖို့တိုင်းရင်းသားအရေးကိုကောင်းမွန်စွာကိုင်တွယ်နိုင်ဖို့ သူ့အတွက် ဆုတောင်းပေးကြရန်ပြောကြားသွားပါသည်။

**ကျောက်ဆည်မြို့နယ်မှ အဆက်**




ကရုဏာ လူမှုစည်းလုံးညီညွတ်ရေးမှ ဒါရိုက်တာ ဘုန်းတော်ကြီးCyrilမြင့်စိုးမှလည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတာဝန်ခံကိုသန်းမင်းထွန်းရဲ့ရံပုံငွေရှာဖွေပေးမှုကြောင့် ခုလိုမျိုးကူညီနိုင်တာဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့စည်းဟာ ရံပုံငွေမရှိပါဘူး။ ရံပုံငွေမရှိပေမယ့်အလှူရှင်တွေနဲ့ ချိတ်ဆက်ပြီးတော့ လုပ်ဆောင်ပေးနေတာပါ။ ဒီရွာမှာ ထိခိုက်ပျက်စီးမှုများတဲ့ အထဲကနေပြီးအဆင်းရဲဆုံး မိသားစုများကိုထောက်ပံ့ခဲ့တာဟာ ရွာက ကော်မတီတွေနှင့် ပူးပေါင်းပြီးလုပ် ဆောင်ပေးတာဖြစ်ပါတယ်။ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလုပ်ဆောင်ပေးမယ့် စီမံကိန်းများလည်း ရှိပါတယ်။ ကျွန်တော်တို့အနေနှင့် တောင့်တင်းတဲ့ အဖွဲ့စည်းမဟုတ်ပေမယ့် အလှူရှင်များနှင့်ချိတ်ဆက်ပြီး လုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ရွာသူရွာသားများအနေနှင့် ကျွန်တော်တို့ရဲ့လုပ်ငန်းများမှာ အတူတကွ ပူးပေါင်းပါဝင်ပေးပါလို့ ပြောချင်ပါတယ်"ဟု ပြောကြားခဲ့ပါသည်။

သင်္ဂတုံကျေးရွာမှ အမိုးများပျက်စီးဆုံးရှုံးခဲ့ရသောသူတစ်ဦးမှလည်း"မိုးသီးမုန်တိုင်းဒဏ်ကြောင့် အမိုးတွေလန်သွားလို့အခုချိန်ထိပြန်မဆောက်နိုင်သေးဘူးသူများအိမ်မှာကပ်နေနေရတယ်။ အခုလိုမျိုး ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်းကနေသွပ်၊ ဝါး၊ လက်သမားခပါထောက်ပံ့ပေးတဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်" ဟု ပြောပြခဲ့ပါသည်။

ကရုဏာ လူမှုစည်းလုံးညီညွတ်ရေးသဘာဝဘေးအန္တရာယ်ကဏ္ဍမှ ကျောက်ဆည်မြို့၊ သင်္ဂတုံကျေးရွာရှိ မိုးသီးမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သော မိသားစုများအား သွပ်(၂၅၂)ချပ်၊ ဝါး (၁၀၀)လုံး၊ လက်သမားခ (၁၂၀၀၀၀) တစ်သိန်းနှစ်သောင်းကျပ် ထောက်ပံ့ပေးခဲ့ပါသည်။

Pinky (MDY-OSC)

# မန္တလေးသာသနာရှိ Higher Education Center တွင်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဟောပြောပို့ချခြင်း



၄.၆.၂၀၁၆ စနေနေ့ နံနက် ၉ နာရီခွဲမှ ၁၂ နာရီအထိ မန္တလေးဂိုဏ်းချုပ်သာသနာ စိန့်ဂျွန်းဘုရားကျောင်းရှိ အဆင့်မြင့်ပညာသင်ကြားရေးစင်တာ (Higher Education Center) တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဟောပြောပို့ချခြင်းအစီအစဉ်ကို လုပ်ဆောင်ခဲ့ပါသည်။ ထိုစင်တာတွင် မန္တလေး၊ ကလေး၊ ဟားခါး၊ ဗန်းမော်၊ မြစ်ကြီးနားနှင့် လားရှိုးသာသနာတို့မှ လူငယ်မောင်မယ်များ အဆင့်မြင့်ပညာများကို လာရောက်သင်ယူနေကြခြင်းဖြစ်ပါသည်။

**ဂိုဏ်းချုပ်ဆရာတော်ကြီးနီကောလပ်စ်မန်းထန်မှ** သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအရာကို ဦးဆောင်ဟောပြောပို့ချသွားခဲ့ပါသည်။ ထို့နောက် ဒေါက်တာဦးထွန်းလွင်၏ပို့ချချက် ဗီဒီယိုကိုလေ့လာ ခဲ့ကြပါသည်။ လူငယ်မောင်မယ်များမှလည်း ဂိုဏ်းချုပ်ဆရာတော်ကြီးအား ကျေးဇူးတင်ဂုဏ်ပြုသီချင်းများ သီဆို၍နှုတ်ဆက်ကြပြီး၊ တာဝန်ခံဒါရိုက်တာ ဘုန်းတော်ကြီး Fr. Neil မှ လက်ဆောင်ပစ္စည်းကို ဆရာတော်ကြီးအားဆက်သခဲ့ပါသည်။ ဤဟောပြောပို့ချချက်များအားဖြင့် လူငယ်မောင်မယ်များ၏အသိစိတ်ထဲတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိစိတ်ဓာတ်များတိုးပွားလာခဲ့ပါသည်။ (MDY-osc)

# ရေးသူဖတ်သူဆွေးနွေးပွဲ

**တောင်ကြီးသာသနာ**




ဝိညာဉ်အဟာရ အပတ်စဉ်စာစောင်အဖွဲ့သားများဦးဆောင်ကျင်းပသော ရေးသူဖတ်သူဆွေးနွေးပွဲကို ၅၊ ၆၊ ၂၀၁၆ ခုနှစ် တနင်္ဂနွေနေ့နံနက် (၁၀း၀၀) နာရီမှ ညနေ (၃း၀၀) နာရီအထိ တောင်ကြီးမြို့ ကက်သလစ်ဆရာတော်ကျောင်းတိုက်တွင် ကျင်းပပြုလုပ်ပေးခဲ့ရာ ကြာပန်းရေစင် ငြိမ်းချမ်းမေတ္တာလူမှု အဖွဲ့အစည်းမှ စာရေးဆရာမသင်းမြစန္ဒီနှင့် ဆရာမဒေါ်ဝင်းညွန့်တို့တက်ရောက်ဟောပြောဆွေးနွေးခဲ့ကြပြီး တောင်ကြီးသာသနာ အတွင်းရှိရဟန်းများ၊ အသင်းဂိုဏ်းအသီးသီးမှ ကိုရင်၊ သီလရှင်များ၊ စိန့်ဂျိုးဇက်ကျောင်းသားများ၊ အလင်းပြလူငယ်မောင်မယ်များနှင့် အခြားလူမှုရေးလုပ်ကိုင်သူများ အပါအဝင် လူဦးရေ (၈၀) ခန့် တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ၎င်းဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ တောင်ကြီးသာသနာအတွင်းစာဖတ်သူနှင့် စာရေးသူကလောင်ရှင်များစာပေဝါသနာရှင်များပေါ် ပေါက်လာစေရန်ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

၎င်းဟောပြောပွဲ မနက်ပိုင်းတွင် ဆရာမဒေါ်ဝင်းညွန့်မှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်စရာများကို ဟောပြောဆွေးနွေးခဲ့ပြီး ဆရာမသင်းမြစန္ဒီမှ ရေးသူဖတ်သူနှင့် စာပေအရေးအသားဆိုင်ရာ သိကောင်းစရာများကို မိမိအတွေ့အကြုံများနှင့်ယှဉ်၍ ဟောပြောဆွေးနွေးခဲ့ပါသည်။ ညနေပိုင်းတွင် ၎င်းဆရာမနှစ်ဦးနှင့်တကွ တက်ရောက်လာသောပရိတ်သတ်များ အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြသည်။ ဟောပြောပြုလုပ်သူများက တက်ရောက်သူပရိတ်သတ်များထံမှ အကြံပြုလွှာ များတောင်းခံပြီး အဖွဲ့လိုက်မှတ်တမ်းဓာတ်ပုံများရိုက်ကာရေးသူဖတ်သူဆွေးနွေးပွဲပထမအကြိမ်အောင်မြင်စွာကျင်းပပြီးစီးခဲ့ပါသည်။ Taunggyi -OSC

# မြန်မာကက်သလစ် HIV/AIDS ကွန်ယက် (MCHAN) မှ ဦးစီးကျင်းပသော ညှိနှိုင်းအစည်းအဝေးပွဲ

(MCHAN) မြန်မာကက်သလစ် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ကွန်ယက်မှ ကျင်းပသော ညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့၊ အနီးစခန်းရှိ ဒွန်ဘော့စကို မွေ့ရိပ်သာတွင် ၂၀၁၆၊ ဇွန်လ(၁)မှ(၂) ရက်ထိ နှစ်ရက်တာ ကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ မြန်မာကက်သလစ် ကျန်းမာရေးကော်မရှင် ဥက္ကဋ္ဌ ၊ Espiscopal Commision For Health Pastoral Care မှ ဆရာတော်အလက်ဇန္ဒားပြုံးချို၊ ဝိညာဉ်ရေးဆိုင်ရာ (MCHAN) ဘုန်းတော်ကြီး ခရစ္စတိုဖာရပ်ချ်နှင့် (MCHAN) အတိုင်ပင်ခံ စစ္စတာရဲ မေရီဂရင်းနိုး (Mary Knoll) တို့မှ တက်ရောက် အဖွင့်ဆုတောင်းအမှာစကားပြောကြားခဲ့ပြီး၊ အဖွဲ့(၁၁)ဖွဲ့ရှိ MCHAN ဝန်ထမ်းများအပါအဝင် အဖွဲ့ဝင်(၂၁)ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေး (၂)ရက်တာတွင် အစည်းအဝေးမစမီ နံနက်ပိုင်းတွင် မစ္ဆားတရားတော်ဖြင့်အစပြုခဲ့ပါသည်။ အစည်းအဝေးတွင် (M-CHAN)ဥက္ကဋ္ဌဒေါက်တာချိုလေးမာ မှ တင်ပြဆွေး



နွေးခဲ့ပါသည်။ (၆-၇.၁.၂၀၁၆)တွင် Msgr.Vitillo ၏ တစ်ကမ္ဘာလုံးဆိုင်ရာ HIV/AIDS နှင့် ပတ်သက်သော update informations workshop ကို MCHAN နှင့် KMSS ဝန်ထမ်းတို့မှတက်ရောက်ခဲ့ပြီး အစည်းအဝေး ပထမနေ့တွင်တက်ရောက်ခဲ့သူများမှ ပြန်လည်တင်ပြ ဆွေးနွေးခဲ့ပါသည်။ ထို့နောက် မဟေမာလွင် (MCHAN) မှ UNAIDS Myanmar ၏အလုပ်ရုံ အစည်းအဝေးအကြောင်း တင်ပြပြီး၊ ကိုသြကတ်စတင်း (National KMSS) မှ ရောမတွင်ပြုလုပ်သော ညှိနှိုင်းအစည်းအဝေး၏ဆွေးနွေးချက်များကို ပြန်လည် ဝေငှခဲ့သည်။ ထို့နောက် NAP (National AIDS Program)၏ မဟာနည်းဗျူဟာနှင့် လက်ရှိ HIV/AIDS အခြေအနေများကို ဆွေးနွေးမှုများ ပြန်လည် တင်ပြခြင်း အပေါ် တက်ရောက်သူများ အားလုံးမှ အုပ်စုဖွဲ့၍ဆွေးနွေးတင်ပြခဲ့ပါသည်။

ထိုဆွေးနွေးမှုများတွင်ကက်သလစ်အသင်းတော်၏ ရပ်တည်မှုများ၊ သွန်သင်မှုများအပါအဝင် HIVသည် ကျန်းမာရေး၊ လူမှုရေး၊ အိမ်ထောင်ရေး၊ နိုင်ငံရေးတို့နှင့်ဆက်နွယ်မှုရှိကြောင်း၊ စောစီးစွာသွေးစစ်ဖို့လိုကြောင်းနှင့် အကယ်၍ HIV ပိုးရှိခဲ့လျှင် စောစီးစွာကုသဖို့လိုကြောင်း၊ HIV ပိုးဖြင့် အသက်ရှင်နေထိုင်သူများကို ခွဲခြားဆက်ဆံခြင်း မရှိသင့်ကြောင်း၊ ဇနီးမောင်နှံအကြားအပြန်အလှန် သစ္စာရှိရန်၊ ဩတ္တပစိတ်ဖြင့် အမှားအမှန်ဆင်ခြင် သုံးသပ်နိုင်ရန်နှင့် ရောဂါကူးစက်မှု၊ အန္တရာယ်ကျရောက်စေမည့်အရာများကို ကာကွယ်တတ်ရန်တို့ ပါဝင်ပါသည်။ ဒုတိယနေ့တွင် တက်ရောက်လာသော အဖွဲ့ဝင်များမှ မိမိတို့လုပ်ဆောင်နေသော HIV လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးပြီး တစ်နေ့တာ အစည်းအဝေးကို ပြန်လည်သုံးသပ်ခြင်းဖြင့်အဆုံးသတ်ခဲ့ပါသည်။ **Elizabeth ဟေမာလွင်(M-CHAN)**

# ရန်ကုန်ဂိုဏ်းချုပ်သာသနာ ဂိုဏ်းချုပ်ဆရာတော်ကြီးကျောင်းတိုက်သို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဧရာဝတီတိုင်းဝန်ကြီးချုပ် အလည်အပတ်ကြွလာခြင်း



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း၊ ဧရာဝတီတိုင်းဝန်ကြီးချုပ် မန်းဂျော်နီ၊ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနော်ပန်းသဥ္ဇာမျိုးနှင့် လူမှုရေးရေးဝန်ကြီး ဦးနိုင်ငံလင်း တို့သည် ဇွန်လ(၄)ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်ဂိုဏ်းချုပ်သာသနာ ဂိုဏ်းချုပ်ဆရာတော်ကြီးကျောင်းတိုက်သို့ ကြွရောက်လည်ပတ်ခဲ့ပါသည်။ ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်စ်ဘို၊ ရန်ကုန်လက်ထောက် ဆရာတော် ဂျွန်စောယောဟန်၊ မော်စီညော်စောဖရန်စစ်နှင့် ဘုန်းတော်ကြီးများ၊ သီလရှင်များ၊ လူငယ်မောင်မယ်များက ဝန်ကြီးချုပ်တို့ကို ကြိုဆိုနှုတ်ဆက်ပြီး ရင်းနှီးပွင့်လင်းစွာတွေ့ဆုံ စကားပြောခဲ့ကြပါသည်။



ကာဒီနယ်ချားလ်စ်၊ဆရာတော်ဂျွန်နှင့်ဝန်ကြီးချုပ်တို့သည် ရင်းနှီးပွင့်လင်းစွာတွေ့ဆုံ စကားပြောခဲ့ကြကာ ဆရာတော်ဂျွန်စောယောဟန်က ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီးကျောင်းသို့ ကြွရောက်လာသော ဝန်ကြီးချုပ်တို့ကို ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုသကဲ့သို့ ဤကဲ့သို့ကြွရောက်လာခြင်းအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ဝန်ကြီးချုပ်တို့ထမ်းဆောင်နေသောနိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ပါစေရန် ကက်သလစ်သာသနာတော်ကြီးတစ်ခုလုံးကလည်း ဆုတောင်းခြင်းနှင့်အတူ မိမိတို့တတ်နိုင်သည့်ဘက်မှ နိုင်ငံတော်တည်ဆောက်ရာတွင် ပါဝင်ကူညီပေးနေမည်ဖြစ်ကြောင်း ကြိုဆိုနှုတ်ဆက်စကားမြွက်ကြားပေးခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက နိုင်ငံတော်ပြန်လည်တည်ဆောက်ရာတွင် မေတ္တာနှင့်သစ္စာတရားအမြဲထားကြရန်လိုအပ်ကြောင်းကိုလည်းကောင်း၊ ဧရာဝတီတိုင်းဝန်ကြီးချုပ်မန်းဂျော်နီက တိုင်းရင်းသားအားလုံးစည်လုံးညီညွတ်စွာနှင့် ရိုးသားဖြောင့်မတ်သော နိုင်ငံသားများဖြစ်ရန်ကြိုးစားကြရမည်ဖြစ်ကြောင်း အားပေးစကား မိန့်မှာခဲ့ကြပါသည်။ (သတင်း Fr. Leo ဓါတ်ပုံ Bro. Hla Aung)



ရဟန္တာ အသစ်နှစ်ပါးတင်မြှောက်.....(စာ-၈)



မိမိကျောက်ကပ်လှူဒါန်းသော ဆရာတော် ...စာ(၁၀)



ရဟန်းတို့၏တန်ဖိုးနှင့် တာဝန် ...စာ(၁၂)



လိင်တူချစ်သူများအား..စာ...(၄)



ကမ်းခြေအခြေအနေသစ်ကိုဆန့်ကျင် စာ...(၉)



အပြစ်များကိုအထူးအခွင့်လွှတ်ပိုင်ခွင့်ရရှိထား သောရဟန်းတော်များ .. စာ...(၁၂)